# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၉၀)၊ ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ ၁၅-၆-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများစွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်





နေပြည်တော် ဇွန် ၁၄

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေး တိုင်းဒေသကြီး ကျောက်ဆည် စက်မှုနယ်မြေ အမှတ်(၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်)ရှိ လေျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၃၃) အကြီးစားစက်ရုံ(ကျောက်ဆည်)၌ ဘိလပ်မြေများထုတ်လုပ်နေမှုနှင့် လေျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်းကိရိယာများ၊ အဆောက်အအုံများ စစ်ဆေးပြုပြင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လမ်းတံတား၊ စက်ရုံ၊ အလုပ်ရုံ၊ သာသနိကအဆောက်အအုံများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောဘိလပ်မြေများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ရုံ၌ တပ်ဆင်ထားသည့် စက်ပစ္စည်းများ၏စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော စက်အရန်ပစ္စည်းများ၊ ကုန်ကြမ်းများနှင့် သွင်းအားစုများကို ကြိုတင်ဝယ်ယူစုဆောင်းထားရှိရန်၊ စက်ပစ္စည်းကိရိယာများ၊ အဆောက်အအုံများအား စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးကို အလေးထား ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)၌ လေျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ ပြုပြင်ပြီးစီးမှုအခြေအနေကို လည်းကောင်း၊ မြစ်သားမြို့နယ်ရှိ အမှတ်(၇) အထည်စက်ရုံ (မြစ်သား)ရှိ လေျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြုပြင်နေမှု၊ ချည်မျှင်များ ထုတ်လုပ်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့ရှိ ဖိုးပြုံးချိုရက်ကန်းနှင့် ချည်မျှင်အချောကိုင် ထုတ်လုပ်ခြင်းလုပ်ငန်းတွင် စောင်အမျိုးမျိုး ရက်လုပ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒေသရင်းမျိုးစိတ် မြန်မာ့ရွှေသမင်များ မျိုးသုဉ်းမျိုးဆက်မပြတ်စေရန် ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်

**မင်းဘူး ဇွန် ၁၄**

ရွှေသမင်များသည် ခွာစုံနို့တိုက်သတ္တဝါမျိုးဖြစ်ပြီး၊ မျိုးစဉ် Artiodactyla၊ မျိုးရင်း Cervidae၊ မျိုးစိတ် Cervuseldi ဖြစ်ကာ မျိုးစိတ်ခွဲ သုံးမျိုးရှိကြောင်း သိရသည်။ ရွှေသမင်အား ဇီဝဗေဒပညာရှင်များက Eld's Deer ဟု ခေါ်ဆိုကြပြီး၊ ၁၈၃၈ တွင် ဗြိတိသျှတပ်မတော်အရာရှိ Percy Eldမှ အိန္ဒိယနိုင်ငံ မဏိပူရချိုင့်ဝှမ်းဒေသတွင် စတင်တွေ့ရှိ၍ တွေ့ရှိသူအမည်အား အစွဲပြုကာ Eld's Deer ဟု ခေါ်ဆိုခြင်းဖြစ်သည်။



အိန္ဒိယ သမင်မျိုးစိတ် Cervuseldi အား အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်တွင်သာ တွေ့ရပြီး ယခုအခါ အကောင်ရေ ၂၀၀ ခန့်သာ ကျန်ရှိတော့သဖြင့် နောင်ရေရှည်တွင် မျိုးသုဉ်းမည့် အန္တရာယ်များစွာဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ပညာရှင်များက ခန့်မှန်းကြသည်။ ယင်းသမင်များကို မဏိပူရဘာသာစကားဖြင့် Sangai ဟု ခေါ်ကာ အိန္ဒိယနိုင်ငံ၊ ကိုးလ်ကတ္တားမြို့ရှိ အလီပိုးတိရစ္ဆာန်ဥယျာဉ်တွင် ရွှေသမင်များကို ခြံလှောင်သားဖောက် မွေးမြူမှုပြုလုပ်ခဲ့ရာ အောင်မြင်ကြောင်း တွေ့ရှိကြသည်။

ထို့အတူ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ဟိုင်နန်ကျွန်းတို့၌ တွေ့ရှိရသော သမင်များမှာ မျိုးစိတ် Cervuseldi siamensis ဖြစ်ပြီး၊ မျိုးသုဉ်းခြင်းမှကာကွယ်ရန် နိုင်ငံတော်အဆင့် စီမံကိန်းများချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများတွင် ကောင်ရေအလွန်နည်းပါးနေပြီး ဗီယက်နမ်နိုင်ငံတွင်မူ မျိုးသုဉ်းလုနီးပါးဖြစ်နေကာ တရုတ်ပြည်၊ ဟိုင်နန်ကျွန်းတွင်လည်း ခြံလှောင်၍ မွေးမြူထားသော ရွှေသမင်ရာဂဏန်းမျှသာရှိကြောင်း သိရသည်။

မြန်မာ့ရွှေသမင်မျိုးများသည် မြန်မာနိုင်ငံအတွင်း ပင်လယ်ရေ

**စာမျက်နှာ ၅ သို့**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၄**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည် ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဓလ**

၂၀၂၅ ခုနှစ် ၊ ဇွန် ၁၅ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

## စာကောင်းပေမွန်များကို ဖတ်ရှုခြင်းဖြင့် အလင်းဆောင်သော အကျိုးကျေးဇူးကို ရရှိနိုင်မည်

စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံများပင်ဖြစ်သည်။

သုတစွယ်စုံစာပေ ဆုချီးမြှင့်ပွဲတွင် ဆုရရှိသော ပုဂ္ဂိုလ်များအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ကောင်းတာကို စဉ်းစား၍ ကောင်းတာကို လုပ်ဆောင်နိုင်ရန် စာပေဖတ်ရှုမှုများ လိုအပ်ပြီး ကြားလူနောက်ပါက သွေးကွဲနိုင်၍ ယနေ့လိုကာလတွင် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုလျော့နည်းမှု မရှိစေရန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့် စာကောင်းပေမွန်များကို ဖတ်ရှုခြင်းဖြင့် အလင်းဆောင်သော အကျိုးကျေးဇူးကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် ဂါရဝေါစ နိဝါတောစ မင်္ဂလာတရားများ သိရှိနိုင်ရန်နှင့် အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်ရန် စာပေဖတ်ရှုရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာပေဗိမာန်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး စာပေဖတ်ရှုမှုကို အလေးထားကာ စာပေကို တန်ဖိုးထားမြတ်နိုးသူတစ်ဦးဖြစ်ပါကြောင်း၊ စာပေသည် နိုင်ငံနှင့်လူမျိုးအတွက် အသက်ဖြစ်၍ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်များစာပေဖတ်ရှုရန် အစဉ်တိုက်တွန်းလျက်ရှိပါကြောင်း၊ နိုင်ငံနှင့်ပြည်သူကို အကျိုးပြုသည့် စာပေပညာရှင်များ၏ ကလောင်စွမ်းအားကို လေးစားဂုဏ်ပြုသောအားဖြင့် ယခုလို ဆုချီးမြှင့်ခြင်းဖြစ်ပါကြောင်းနှင့် ကလောင်စွမ်းအားဖြင့် တိုင်းပြည်ငြိမ်းချမ်းပြီး အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း က ဇွန် ၁၃ရက် မွန်းလွဲပိုင်းတွင် Park Royal ဟိုတယ်၌ ကျင်းပသည့် (၁၅) ကြိမ်မြောက် သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

သုတစွယ်စုံစာပေ အလျှုရှင်နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင် စွယ်စုံမီဒီယာဂရု၏ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုချီးမြှင့်ရခြင်းအကြောင်းရင်း၊ ဆုရွေးချယ်ပုံအဆင့်ဆင့်၊ ဆုရွေးချယ်ရေးအဖွဲ့၏ အကဲဖြတ်သုံးသပ်ချက်များနှင့် သုတစွယ်စုံ စာပေဆုရရှိကြသည့် စာပေပညာရှင် ၁၂ ဦး၏ စာအုပ်သမိုင်းအကျဉ်းတို့ကို Video Clip ဖြင့် ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သုတစွယ်စုံ တစ်သက်တာစာပေဆုရရှိသော ဒေါက်တာခင်မောင်ညို၊ သုတစွယ်စုံစာပေဆုရရှိသော ဆရာနိုင်ဇော် (ရည်ညွှန်းစာပေ)နှင့် ဗိုလ်အေးမြင့်ကြူ (အတ္ထုပ္ပတ္တိစာပေ) တို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက သိန်းထွန်း (မြဝတီ) (သုတ-ဝိဇ္ဇာ)နှင့် ဒေါက်တာသိန်းဆွေ (ပြည်သူ့ကျန်းမာရေး) (အသုံးချသိပ္ပံ) တို့အားလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က ကျော်ကျော်လှိုင် (သုတ-ဝိဇ္ဇာ) အားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက နေဇင်လတ် (ဘာသာပြန်စာပေ)၊ မောင်ခေတ်ထွန်း(စာပဒေသာ)၊ ဟိန်းလတ် (အတ္ထုပ္ပတ္တိစာပေ)၊ ဒေါက်ထွေး (ဆေးမန်း) (စာပဒေသာ)၊ ကျော်ညွှန့်ရည် (သုတ - ဝိဇ္ဇာ)နှင့် ပါမောက္ခဒေါက်တာမြသိန်းဟန် (အသုံးချသိပ္ပံ)တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

၁၅ ကြိမ်မြောက် သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲအခမ်းအနားအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ် ၆၂ သိန်းကို ပေးအပ်ထောက်ပံ့သည်။ သုတစွယ်စုံ တစ်သက်တာစာပေဆုအတွက် ငွေကျပ် ၃၇ သိန်းနှင့် သုတစွယ်စုံ စာပေဆုအတွက် တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ ပေးအပ်ချီးမြှင့်ခဲ့သည်။

စာအုပ်စာပေသည် လူသားများအတွက် မိတ်ဆွေကောင်းဖြစ်ပြီး စာပေမြင့်လာသည်နှင့်အမျှ လူမျိုးလည်းတင့်တယ်ဝင့်ကြွားလာမည်ဖြစ်ရာ စာကောင်းပေမွန်များကို ဖတ်ရှုခြင်းဖြင့် အလင်းဆောင်သော အကျိုးကျေးဇူးကို ရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၁၄ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးနှင့် အမျိုးသမီးများ၏အခွင့်အရေး တန်းတူညီမျှရရှိစေရေးအတွက် အားကစား၊ ပညာရေးနှင့် လူမှုရေးကဏ္ဍများတွင် ထူးချွန်သည့် အမျိုးသမီးများအား ဂုဏ်ပြုဆုချီးမြှင့်နိုင်ရေး ကော်မတီများ အားလုံးပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသက်လှိုင်ထွန်းက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီးနောက် ကော်မတီတွင်ပါဝင်သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ လူမှုရေးရာဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ၃၆လမ်းနှင့် ၆၇လမ်းထောင့် ဝန်ထမ်းအိမ်ရာအနီး၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုဓမ္မာရုံ၊ အ·ထ·က(၁)အနောက်ဘက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇွန် ၁၆ ရက်တွင် အောင်မြေသာစံမြို့နယ် (၁၀)လမ်း၊ ဒေါနဘွားကားဝင်းအနီး စက်မှုသင်တန်းကျောင်းနှင့် ဓာတ်ငွေ့စက်ရုံကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ အကွက်(၈-၂၇) ၅၆လမ်း၊ ၁၁၅လမ်းနှင့် ၁၁၅အေလမ်းကြား၊ ကန်သာယာရပ်ကွက်၊ ဇွန် ၁၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်ရပ်ကွက်၊ လမ်း ၉၀နှင့် လမ်း ၃၀ထောင့်၊ ကျောက်ဆစ်မီးသတ်အနီးနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ လမ်း ၁၂၀၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ သင်ပန်းကုန်းရပ်ကွက်၊ ဇွန် ၁၈ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ ၈၉လမ်း၊ ၃၆လမ်းထောင့်နှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၊ ဧရာဝတီကမ်းနားလမ်း၊ ဇွန် ၁၉ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မော်တောင်ရပ်ကွက်၊ ဧရာထွန်း (၁)၊ (ဆ)ရပ်ကွက်၊ အောင်သိဒ္ဓိဓမ္မရုံရှေ့တွင်လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ညရပ်ကွက်၊ ၅၉လမ်းနှင့် ၁၄၀လမ်းထောင့်တွင်လည်းကောင်း၊ ဇွန် ၂၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၃၈လမ်း၊ လမ်း ၆၀နှင့် ၆၂လမ်းကြား၊ တံမြက်စည်းစုရပ်ကွက်နှင့် အမရပူရမြို့နယ်၊ ဖျောက်ဆိတ်ကုန်းရပ်ကွက်၊ စွယ်တော်ဘုရားမြောက်ဘက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

### သင့်သွေးဖြင့် အသက်ကယ်ပါ။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် 2nd Cocom နှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးသို့ တက်ရောက်



ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူးများနှင့်အတူ ဇွန် ၁၀ ရက်မှ ၁၃ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် 2nd Cocom နှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၁ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပမည့် အားကစားကွင်း၊ အားကစားရုံများ၊ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဖွင့်ပွဲပိတ်ပွဲအခမ်းအနားများ ကျင်းပမည့် Rajama ngala National Stadium၊ ရေကူးကန်၊ Indoor Stadium Huamark၊ THAI Cycling Hall of Fame၊ Archery Field များသို့ သွားရောက်လေ့လာခဲ့သည်။

ဇွန် ၁၂ ရက်ကလည်း ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဟိုတယ်ခရီးနှင့် အားကစားဝန်ကြီး H.E. Mr. Sorawong Thienthong နှင့်တွေ့ဆုံ၍ မြန်မာအသင်း လာရောက်ယှဉ်ပြိုင်သည့် အားကစားကွင်း၊ အားကစားရုံများ၌ ကြိုတင်ပြင်ဆင်လေ့ကျင့်ခွင့်၊ ပိုမိုထိတွေ့ခွင့်ရရှိစေရေးတို့အတွက် တတ်စွမ်းသမျှကူညီပေးရန် ဆွေးနွေးညှိနှိုင်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ 2nd Cocom နှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Dato Seri Chaiyapak Siriwat၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ H.E. Mr. Sorawong Thienthong နှင့် ထိုင်းအမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ အသစ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံ အမျိုးသားကော်မတီဥက္ကဋ္ဌတို့က တက်ရောက်လာသည့် ကောင်စီဝင်များအား တရားဝင်ဖိတ်ကြားလွှာများ ပေးအပ်ခြင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်က ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ်ကောင်စီအစည်းအဝေး၏ လုပ်ငန်းစဉ်များ သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း၊ ၂၀၂၄ ခုနှစ် အစည်းအဝေးမှတ်တမ်းပါ ကိစ္စရပ်များအပေါ် ဆွေးနွေးရှင်းလင်းအတည်ပြုခြင်း၊ SEAGF ရုံး၏ COO ရာထူးကို CEO အမည်အသစ်အဖြစ် ပြန်လည်ခန့်အပ်ရန် အဆိုပြုချက်ကို သုံးသပ်အတည်ပြုခြင်း၊ SEAGF Honorary Membership များအဖြစ် Dr. Varin Tansuphasiri၊ Dato'Low Beng Choo နှင့် Mr. CHAN Seng Heng Christopher သုံးဦးတို့အား ခန့်အပ်ခြင်းနှင့် အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ်ရုံး၏အစီရင်ခံစာကို ဆွေးနွေးအတည်ပြုခြင်းတို့ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပသွားမည့် အားကစားနည်း ၅၀ နှင့် ပြိုင်ပွဲကျင်းပမည့် အားကစားကွင်း၊ အားကစားရုံများ၊ အစီရင်ခံစာနှင့် ရုပ်သံလွှင့်ခြင်းဆိုင်ရာ အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြခြင်းနှင့် ၂၀၂၇ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(South East Asia Games)အမည်ကိုသာ ဆက်လက်ခေါ်ဝေါ်သုံးစွဲသွားရန် ဆုံးဖြတ်ခဲ့ကြသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ ပဉ္စမအကြိမ်မြောက် ဆိုချီကမ္ဘာ့ဇီဝလုံခြုံမှုညီလာခံသို့ တက်ရောက်ဆွေးနွေး

နေပြည်တော် ဇွန် ၁၄

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ပဉ္စမအကြိမ်မြောက် ဆိုချီကမ္ဘာ့ဇီဝလုံခြုံမှုညီလာခံ အကြီးအကဲတို့၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ ဆိုချီမြို့၌ ရောက်ရှိနေသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ဇွန် ၁၀ ရက် မွန်းလွဲပိုင်းက ဆိုချီမြို့ နိုဗိုတယ် ဟိုတယ်၌ ကျင်းပသည့် ညီလာခံ၏ အစီအစဉ်များသို့ အခြားသောနိုင်ငံများမှ BWC ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ကြသည်။

Mayakovsky ခန်းမ၌ ကျင်းပသည့် ဆွေးနွေးပွဲ Session No. 1 တွင် မော်စကိုအခြေစိုက် အဖွဲ့အစည်းဖြစ်သော ဥပဒေစည်းကမ်းနှင့် ကျင့်ဝတ်သိက္ခာဆိုင်ရာစနစ်များ (Compliance and Integrity Systems-CIS)၏ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ အထွေထွေပြဿနာများဌာန (Department of Humanitarian Cooperation, General Political and Social Problems)၏ အကြံပေးပုဂ္ဂိုလ် Ms. Elena Shamal က ဆွေးနွေးပွဲ ညှိနှိုင်းကွပ်ကဲသူအဖြစ် ဆောင်ရွက်ကာ ရုရှားဦးဆောင်သော စုပေါင်းလုံခြုံရေး စာချုပ်အဖွဲ့အစည်း (Collective Security Treaty Organization-CSTO)၊ မော်စကိုအခြေစိုက် လိုက်နာမှုနှင့် ကျင့်ဝတ်သိက္ခာပြည့်ဝမှု စနစ်များ (Compliance and Integrity Systems-CIS)အဖွဲ့၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (The Shanghai Cooperation Organization-SCO)၊ အာဆီယံ (ASEAN)နှင့် အာဖရိကသမဂ္ဂ (African Union)တို့၏ ဇီဝလုံခြုံမှုလုပ်ငန်းစဉ်များနှင့် ဆောင်ရွက်မှုများ ခေါင်းစဉ်ဖြင့် ကမ္ဘာ့အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပြီး



ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျက ဇီဝလုံခြုံမှုဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့သည်။ ညပိုင်းတွင် ဒုတိယဝန်ကြီးသည် အဆိုပါဟိုတယ် ညီလာခံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Sergey Ryabkov က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းနှင့် လေပွေလှိုင်းများ၏ အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇွန် ၁၄


ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။


မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ







# ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)ဝင်းအတွင်း ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၁၄**

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်နှင့် သာယာလှပစေရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အထောက်အကူပြုရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန် ဂေဟစနစ်ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ မဟာမေ့ရုံသီကုန်းတော်မြတ်တွင် တည်ထားကိုးကွယ်တော်မူအပ်သော ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး) ဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ ဇနီးများ၊ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီးမိခင်နှင့်ကလေးကြီးကြပ်မှုစောင့်ရှောက်ရေးအဖွဲ့၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့်ပြည်သူလူထုများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဦးဆောင်၍ သတ်မှတ်နေရာတွင် အရိပ်ရအပင်အား စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် အတူတကွ စိုက်ပျိုးကြသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရပင်များကို တပျော်တပါးစိုက်ပျိုးနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် မဟော်ဂနီ၊ ပိတောက်၊ တပေဘူတ(အပြာ)၊ ငုရွှေဝါ၊ ကံ့ကော်၊ စိန်ပန်းနီ၊ ခရေ၊ စိန်ပန်းပြာ၊ မယ်ဇယ်၊ သဘော်တည်၊ ယင်းမာ၊ တမာ၊ တပေဘူတ၊ လင်းလွန်း၊ ပျဉ်းကတိုး စသည့် သစ်မျိုး ၁၅ မျိုး၊ စုစုပေါင်း ၁၂၀၀ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



















## နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း မိုးစပါး ၄၈၉၈၂ ဧက လျာထားစိုက်ပျိုး

**တပ်ကုန်း ဇွန် ၁၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၄၈၉၈၂ ဧကလျာထားစိုက်ပျိုးပြီး စပါးထုတ်လုပ်မှု တိုးတက်ရေးနှင့် တောင်သူလယ်သမားများ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေး အရည်အသွေးကောင်း မျိုးစပါးများ တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးအတွက် မျိုးကောင်း၊ မျိုးသန့်ထုတ်လုပ်သုံးစွဲရေး၊ လေ့ကျင့်ပညာပေးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးကို အဓိကထား၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့ အစည်းများနှင့်ပူးပေါင်း၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ဆည်ရေကို အကျိုးရှိစွာ အသုံးချဆောင်ရွက်ခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်း၊ မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ သွင်းအားစုများ စနစ်တကျထည့်သွင်းပြီး လေလွင့်ဆုံးရှုံးမှုများလျော့နည်းစေရန် စီမံဆောင်ရွက်ခြင်း၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာများ သုံးစွဲလာနိုင်စေရေး ပေါင်းစပ်ကူညီပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများအား စိုက်ပျိုးနည်းစနစ်များဆိုင်ရာ နည်းပညာပေးများဟောပြောခြင်း၊ ရာသီအလိုက်ဖြစ်ပွားတတ်သော ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေးနှင့်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကိုယ်တိုင်ပြုလုပ်သုံးစွဲနိုင်ရန် နည်းပညာပေးဟောပြောခြင်းစသည့် စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲများကိုလည်း စိုက်ပျိုးရေးရှေ့တန်းစခန်းအလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဓါတ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

## လျှော်ဘေးသင့် ကျောင်းသား၊ ကျောင်းသူများအား Rotary Club အဖွဲ့မှ ကျောပိုးအိတ်နှင့် စာရေးကိရိယာများ လှူဒါန်း

**ကျောက်ဆည် ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် လျှော်ဘေးသင့်သော အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ Grade-1၊ Grade-2 ကျောင်းသား၊ ကျောင်းသူများအား ဒေါ်စန္ဒီဦးဆောင်သော Rotary Club အဖွဲ့မှ ကျောပိုးအိတ်နှင့် စာရေးကိရိယာများကို ဇွန် ၁၂ ရက် နံနက် ၉နာရီက လှူဒါန်းခဲ့သည်။

ထိုသို့ လှူဒါန်းရာတွင် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်၊ ကျောက်ဆည်တပ်နယ်မှူး ဗိုလ်မှူးချုပ် တိုးမြင့်ကျော်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်တို့က လျှော်ဘေးသင့် Grade-1၊ Grade- 2 ကျောင်းသား၊ ကျောင်းသူများအား Rotary Club အဖွဲ့မှ လှူဒါန်းနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသားတစ်ဦးလျှင် ကာလတန်းဖိုးငွေကျပ် ၄၅၀၀၀ ရှိ ကျောပိုးအိတ်တစ်လုံး၊ ခဲတံတစ်ဒါဇင်၊ ကွန်ပါဘူး တစ်ဘူး၊ ပေတံ တစ်ချောင်း၊ ခဲဖျက်နှစ်ခုတို့ကို အခြေခံပညာကျောင်း ၅၀ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကိုးကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၂၀၅ ဦးအား လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ပိုင်ပိုင်ကျော်**

● စာမျက်နှာ ၂၄ မှ

ယနေ့အချိန်တွင် ဒီဂျာဒိုတွင် ၂၀၁၂ ခုနှစ် သန်းခေါင်စာရင်းအရ စုစုပေါင်းလူဦးရေ ၈၇၆ ဦးရှိပြီး အများစုမှာ သဲကန္တာရအတွင်း လှည့်လည်သွားလာနေကြသော ခြေသလုံးအိမ်တိုင် သမားများဖြစ်ကြသည်။

အဆိုပါ မြို့တည်နေရာသည် ကာအိုဝါချောက်ကမ်းပါးအောက်တွင် တည်ရှိသောကြောင့် သဲကန္တာရများမှ သဲမုန်တိုင်းများ တိုက်ခတ်ခြင်းမှ ကောင်းစွာကာကွယ်မှုရှိသည့် အကြီးဆုံးမြို့ဖြစ်သည်။ အနီးရှိ အိုအေစစ် ရေကန်များမှတစ်ဆင့် ဥယျာဉ်များ၊ ဆားနှင့် စွန်ပလွံများ ထုတ်လုပ်မှုများကြောင့် လူသိများသည့်အပြင် ဆာဟာရသဲကန္တာရလမ်းကြောင်းများထဲမှ တစ်ခုအဖြစ် လူသိများသည်။ ၂၀၀၆ ခုနှစ်တွင် ယူနက်စကိုသို့ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်နေရာအဖြစ် တင်သွင်း ခဲ့သော်လည်း ယနေ့ချိန်အထိ အသိအမှတ်ပြုခြင်းမခံရပေ။

ဤဝေးလံခေါင်သီသော ရှေးဟောင်းနေရာသည် ပြန်လည်တူးဖော်လေ့လာခြင်း မရှိသေးသောကြောင့် ထိုမြို့တွင် အခြေချနေထိုင်သူများ၏ အမည်ကို မသိရပေ။ ထိုဒေသသည် ၁၈ နှင့် ၁၉ ရာစုနှစ်များတွင် တူအာရတ်လူမျိုးများ၏ စီးနင်းမှု အများအပြားကို ကြုံတွေ့ခဲ့ရသဖြင့် ထိုနေရာကို စွန့်ခွာပြီး တောင်ပိုင်းရှိ ကာအိုရာဒေသသို့ ပြောင်းရွှေ့ကာ အခြေချနေထိုင်ခဲ့ကြရာမှ မြို့ပျက်ခဲ့ရသည်။ နိုင်ဂျာဒေသနှင့် ဆာဟာရဒေသ၏ အစိတ်အပိုင်းဖြစ်သော ဤဒေသသည် လွန်ခဲ့သောနှစ်ပေါင်း ၆၀၀၀၀ ခန့်က လူသားများ နေထိုင်ရာ နေရာဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဆာဟာရသဲကန္တာရ ဖြစ်တည်လာမှုကြောင့် လူနေထိုင်မှု လျော့ပါးလာခဲ့ကြောင်း ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများအရ သိရသည်။

**ချမ်းပြည့်ကို**

**(ကိုးကား-အင်တာနက်)**

❁ ရှေ့ဖုံးမှ

မျက်နှာပြင်အထက် အမြင့်ပေ ၁၆၅ မှ ၁၃၁၂ ပေအတွင်းရှိ အင်တိုင်းတော၊ ရွက်ပြတ်တောနှင့် တောခြောက်၊ ဖုန်းဆိုးတော၊ တောပြုတ်နှင့် စိုက်ပျိုးမြေများအနီးတွင်သာ အများအပြားရှင်သန်ကျက်စားလေ့ရှိသည်။ ပျမ်းမျှကိုယ်အလေးချိန် ၁၅၄ ပေါင်မှ ၂၈၆ ပေါင်အထိရှိပြီး တစ်ကောင်လျှင် လှည့်လည်ကျက်စားသွားလာမှု ဧရိယာ ၂၉၆၅ ဧကမှ ၄၂၀၀ ဧကအထိ ရှိနိုင်သည်။ အထီးများသည် နွေရာသီတွင် ရွံ့နွံလူးလေ့ရှိပြီး လှည့်လည်ကျက်စားသွားလာမှုဧရိယာမှာ အမများထက် ပိုမိုကျယ်ဝန်းသည်။ အထူးသဖြင့် နွေရာသီတွင် အုပ်စုဖွဲ့နေလေ့ရှိသည်။ မြက်၊ ဖန်ခါး၊ ဆီးဖြူ၊ တယ်သီး စသည့် အသီးများနှင့် တစ်ခါတစ်ရံပင်ပျော့ပင်များကို အဓိကထား စားသောက်တတ်သည်။ အမများတွင် ဦးချို မရှိကြသော်လည်း အထီးများတွင်သာ ဦးချိုပါရှိကြသည်။

သမင်ငယ်လေးများတွင် အထီးသည် တစ်နှစ်သားအရွယ်ခန့်တွင် မိတ်လိုက်မျိုးပွားနိုင်ပြီး အမငယ်များမှာမူ ရက်ပေါင်း ၄၅၆ ရက်ကျော်မှသာ ကိုယ်ဝန်ရမျိုးပွားနိုင်ပြီး၊ သားလွယ်ထားရသည့်ကာလသည် ရက်ပေါင်း ၂၂၀ မှ ၂၄၀ အထိဖြစ်သည်။ အထီးများသည် ဖေဖော်ဝါရီလလယ်မှ မေလအတွင်း မိတ်လိုက်ပြီးချိန်များတွင် ဦးချိုလဲလေ့ရှိသည်။ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားတို့မှ သမင်များသည် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် သားပေါက်၍ မဏိပူရသမင်မှာမူ အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အတွင်း သားပေါက်ကြသည်။

သားပေါက်သည့်အခါ တစ်ကောင်တည်းသာ ပေါက်တတ်သည်။ သမင်ပေါက်ကလေးများသည် မွေးကင်းစ၌ အဖြူပြောက်ကလေးများ ပါတတ်သည်။ အသက်ကြီးလာသည်နှင့် အမျှ ယင်းအဖြူပြောက်ကလေးများ ပျောက်ကွယ်သွားကာ နီညိုရောင်၊ ရွှေဝါရောင်သို့ ပြောင်းလဲလာကြသည်။ အသက် ၇ လသားအရွယ်တွင် နို့ဖြတ်သည်။ ၁၈ လသားအရွယ်မှစ၍ မျိုးပွားနိုင်ပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင် တွေ့ရှိသော ရွှေသမင်အားလုံးသည် ဒေသရင်းမျိုးစိတ်ရွှေသမင်များသာ ဖြစ်ပြီး၊ သိပ္ပံအမည် Cervuseldi thamin ဟု ခေါ်ဆိုကြသည်။ မြန်မာ့ရွှေသမင်များသည် ဒေသရင်းမျိုးစိတ်ရွှေသမင်များဖြစ်သည့်အပြင် ယခင်က မြန်မာနိုင်ငံ၏ မြို့နယ် ၂၃ မြို့နယ်တွင် တွေ့ရှိကြောင်း မှတ်တမ်းများအရ သိရသော်လည်း သစ်တောဦးစီးဌာနမှ ကွင်းဆင်းစာရင်းကောက်ယူမှုများ ပြုလုပ်ခဲ့ရာ ယခုအခါတွင် မြန်မာ့ရွှေသမင်များကို မင်းဘူး(စကု)မြို့နယ် ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ကောလင်းမြို့နယ် ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ယင်းမာပင်မြို့နယ် အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ ညောင်ဦးမြို့နယ် လောကနန္ဒာဘေးမဲ့တော၊ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဘေးမဲ့တော၊ ဟုမ္မလင်းမြို့နယ် ထမံသီဘေးမဲ့တောနှင့် နေပြည်တော် ဆာဖာရီဥယျာဉ်တို့တွင် ထိန်းသိမ်းထားကြကြောင်း သိရသည်။

(၅၀၄)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၄

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ပေးအပ်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ သကျဓိတာ သီလရှင်စာသင်တိုက်၊ သမ္ဗုဒ္ဓာရာမကျောင်းတိုက်နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများနှင့် စာသင်ကျောင်းဆောင်များကို လူအင်အား၊ စက်ယန္တရား အင်အားများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ငလျင်ဘေးဒဏ်သင့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအတွက် တပ်မတော်ရေသန့်စက်ယာဥ်ဖြင့် ရောဝတီမြစ်ရေကို သန့်စင်၍ သန့်ရှင်းသော သောက်သုံးရေများ ပေးဝေနိုင်ရေနှင့် ပြည်သူများသောက်သုံးရေ ပြည့်ပြည့်ဝဝ ဖြန့်ဝေနိုင်ရေးတို့ကို ကြပ်မတ်ဆောင်ရွက်ပေးကာ ဖယ်ရှား ရှင်းလင်းပြီးသော သာသနိက အဆောက်အအုံများနှင့်ကျောင်းဆောင်အဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်အားပေးဆောင်ရွက်နေသူများအား အချိုရည်များ ပေးအပ်သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် စဥ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်ဆည်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နေရာများသို့ သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပမည့် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ တပ်မတော်ရေသန့်စက်ယာဥ်ဖြင့် သောက်ရေသန့် ပေးဝေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ကျောက်ဆည်မြို့ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ပြန်လည်ကျင်းပမည့် ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ ပြန်လည်ကျင်းပမည့် ၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေဌာနများ၌ စာမေးပွဲဖြေဆိုရန် ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ စာမေးပွဲကြီးကြပ်ရေးရုံးများတွင် မေးခွန်း/အဖြေလွှာ စသည့် စာရွက်စာတမ်းများအတွက် စနစ်တကျကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းမှု စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိရေး၊ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံ အေးချမ်းစွာ ဖြေဆိုနိုင်စေရေး၊ ကျန်းမာရေး စောင့်ရှောက်မှုအကူအညီများ စီစဉ်ဆောင်ရွက် ထားရှိပေးနိုင်ရေး၊ စာမေးပွဲဖြေဆိုစဉ် ကာလအတွင်း ကျောင်းသား ကျောင်းသူများ အချိန်မီသွားလာနိုင်ရန် တာဝန်ရှိသူများက တတ်နိုင်သည့်နည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးသွားရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အမရပူရမြို့နယ်ရှိ မဟာရတနာမဥ္ဇူတိ လောကမာရ်အောင် အောင်မြေရွှေဘုံမြတ်စွာဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံ အပျက်အစီးများနှင့် ဘုရားစေတီ အပျက်အစီးများအား တပ်မတော်သား စစ်သည်များက အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများ၊ စက်ယန္တရားကြီးများ အသုံးပြု၍ အပျက်အစီးများ ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများ၊ ပြန်လည် တူးဖော်ရရှိသော ဌာပနာပစ္စည်းများအား စနစ်တကျထိန်းသိမ်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ မဟာရတနာမဥ္ဇူတိလောကမာရ်အောင် အောင်မြေရွှေဘုံမြတ်စွာဘုရား၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံနှင့် ဘုရားစေတီအပျက်အစီးများအား တပ်မတော်သားစစ်သည်များက ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုအားပေးစဉ်။

**ညှိနှိုင်းဆောင်ရွက်**

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ထီးတော်မိုးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်၍ ပြန်လည်ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအတွက် စာစစ်ဌာန၌ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေး အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရမည်းသင်းမြို့နယ်၌ ငလျင်ဘေးသင့်သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်

ရမည်းသင်း ဇွန် ၁၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှအုပ်စု မြို့လှကျေးရွာ မြို့လှတောင်ကျောင်းတိုက်အတွင်း၌ ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ငလျင်ဘေးကြောင့်ပျက်စီးသွားသော သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ ရပ်/ကျေးအုပ်စုသံဃနာယကအဖွဲ့၊ မြို့လှတောင်ကျောင်းတိုက်ဆရာတော်များ၏ ဩဝါဒလမ်းညွှန်မှုကိုခံယူကာ အကျိုးဆောင်အဖွဲ့က အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

ငလျင်ဒဏ်ကြောင့် မြို့လှတောင်ကျောင်းတိုက်အတွင်း၌ လွန်ခဲ့သော နှစ် ၁၀၀ က တည်ထားခဲ့သော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်းစေတီတော်များ၊ သိမ်၊ ကျောင်း၊ စောင်းတန်းနှင့် ဘုံငါးဆင့်တို့မှာ များစွာပျက်စီးဆုံးရှုံးခဲ့ရာ ဒက္ခိဏရာမမဟာမုနိဘုရားကြီး ကိန်းဝပ်ရာ ဘုံငါးဆင့်တန်ဆောင်းကြီးအား မြို့လှတောင်ကျောင်းတိုက်ဆရာတော် ဦးဣဿရိယ၏ ဦးဆောင်မှုဖြင့် ဒက္ခိဏရာမမဟာမုနိဘုရားကြီး အသစ်တည်ထားကိုးကွယ်ခြင်းနှင့် ဘက်စုံမွမ်းမံပြုပြင် တည်ဆောက်ရေးလုပ်ငန်းအကျိုးဆောင်အဖွဲ့က တတ်ကျွမ်းသည့် ဗိသုကာပညာရှင်များနှင့် ရှေးမူမပျက် ဆောင်ရွက်လျက်ရှိပြီး ကျန်သာသနိကအဆောက်အအုံများကိုလည်း ပြန်လည်အသစ်တည်ထား ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။



လှိုင်သန်းတင့်(ရမည်းသင်း)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ပိုလန်သမ္မတ အန်ဒရက်ဂျ်ဒူဒါ၏ စင်ကာပူသုံးရက်ကြာ အလည်အပတ်ခရီး နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးပါသောအထိမ်းအမှတ်တစ်ခုဖြစ်



**ဝါဆော ဇွန် ၁၄**

ဇွန် ၁၃ရက်တွင်ပြီးဆုံးသော ပိုလန်သမ္မတ အန်ဒရက်ဂျ်ဒူဒါ၏ စင်ကာပူနိုင်ငံသို့ သုံးရက်ကြာ ချစ်ကြည်ရေးအလည်အပတ်ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးပါသော အထိမ်းအမှတ်တစ်ခုဖြစ်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

၎င်းသည် စင်ကာပူသို့ လွန်ခဲ့သော နှစ် ၂၀ ကျော်အတွင်း ပထမဆုံးအလည်အပတ်ရောက်ရှိလာသည့် ပိုလန်သမ္မတဖြစ်သည်။ ထိုခရီးစဉ်သည် နှစ်နိုင်ငံကြား ခိုင်မာလာနေသော ဆက်ဆံရေးကို ထပ်မံအတည်ပြုခြင်းဖြစ်ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

သမ္မတအန်ဒရက်ဂျ်ဒူဒါကို စင်ကာပူသမ္မတ သာမန်ရှန်မူဂါရတ်နမ်က ပါလီမန်အဆောက်အအုံတွင် လက်ခံတွေ့ဆုံကာ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးခဲ့သည်။

ယင်းသမ္မတနှစ်ဦးသည် ပိုလန်-စင်ကာပူ အပြန်အလှန်ကုန်သွယ်ရေး၊ သံတမန်ဆက်ဆံရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **Mon**

## အစ္စရေးနှင့်အီရန် အပြန်အလှန်တိုက်ခိုက်မှုများအပြီးတွင် ကုလလုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေး ကျင်းပ



**ဝါရှင်တန် ဇွန် ၁၄**

အစ္စရေးနိုင်ငံက တိုက်လေယာဉ်အစင်းရေ ၂၀၀ ခန့်ဖြင့် အီရန်နိုင်ငံရှိ ပစ်မှတ်များကို တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေး၏ စတင်ပစ်ခတ်မှုများကို တုံ့ပြန်သည့်အနေဖြင့် အီရန်ဖက်ကလည်း ဇွန် ၁၃ ရက် ညနေပိုင်းတွင် ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့သည်။

ယင်းအပြန်အလှန်တိုက်ခိုက်မှုများအပြီးတွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်၌ လုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေးကျင်းပကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အီရန်သည် စစ်အတွက် ပြင်ဆင်နေခဲ့ရာ အစ္စရေး၏ တိုက်ခိုက်မှုများမှာ "နိုင်ငံတော်ကာကွယ်ရေးလုပ်ဆောင်ချက်တစ်ခုသာဖြစ်ကြောင်း ထိုအစည်းအဝေးတွင် အစ္စရေးနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး ဒန်နီဒါနွန်က ရှင်းလင်းပြောကြားသည်။

အီရန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး အမီးရ်ဆာယိဒ်အီရဗာနီကမူ အစ္စရေးက "သံတမန်ရေးရာကို သတ်ဖြတ်ရန်၊ ညှိနှိုင်းဆွေးနွေးမှုများကို ဖျက်ဆီးရန်နှင့် ဒေသတစ်ခုလုံးကို ပိုမိုကျယ်ပြန့်သော ပဋိပက္ခအတွင်းသို့ ဆွဲခေါ်ရန်" ရည်ရွယ်နေပြီး အမေရိကန်၏ ပူးပေါင်းပါဝင်မှုမှာ "သံသယဖြစ်ဖွယ်မရှိ" ဟု စွပ်စွဲပြောဆိုခဲ့ကြောင်း သိရသည်။ **Mon**

## ဂူတိပ်မုန်တိုင်း ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့သဖြင့် လူထောင်ပေါင်းများစွာကို အခြားဒေသများသို့ ရွှေ့ပြောင်းပေး



**ပေကျင်း ဇွန် ၁၄**

ဇွန် ၁၃ရက်တွင် ဂူတိပ်မုန်တိုင်း ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့သဖြင့် လူထောင်ပေါင်းများစွာကို အခြားဒေသများသို့ ရွှေ့ပြောင်းပေးခြင်း၊ ကျောင်းများပိတ်ခြင်းနှင့် ရထားဝန်ဆောင်မှုများကို တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းတောင်ပိုင်းရှိ အာဏာပိုင်များက ယာယီရပ်ဆိုင်းခြင်းများ ပြုလုပ်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်များ ရေကြီးနိုင်ခြေရှိသော အနိမ့်ပိုင်းဒေသများနှင့် ရုတ်တရက် ရေလျှံမှုအန္တရာယ်ရှိသည့် နေရာများမှ လူဦးရေ ၁၆၀၀၀ ကျော်ကို ရွှေ့ပြောင်းပေးခဲ့ပြီး လှေများပေါ်တွင် အလုပ်လုပ်ကိုင်နေသည့် လူဦးရေ ၄၀၀၀၀ ခန့်ကိုလည်း ကုန်းတွင်းသို့ ရွှေ့ပြောင်းပေးခဲ့သည်။

စီစီတီဗွီအစိုးရပိုင် ရုပ်မြင်သံကြားဌာန၏ ထုတ်လွှင့်မှုတွင် လေပြင်းတိုက်ခတ်မှုကြောင့် အုန်းပင်များ အပြင်းအထန် လှုပ်ရှားနေပုံနှင့် လုပ်သားများ ရွာသွန်းသည့် မိုးအတွင်း လူသူကင်းမဲ့နေသောလမ်းများမှ လဲကျနေသည့် အပင်များကို ရှင်းလင်းနေပုံများကို တွေ့မြင်ရသည်။

အခြားပုံများတွင် တရုတ်နိုင်ငံ၏ အမျိုးသား ကမ်းလွန်ရေနံကုမ္ပဏီမှ ဝန်ထမ်းများ ကျောပိုးအိတ်များဖြင့် သင်္ဘောများမှ ဆင်းသက်လာကာ ကုန်းတွင်းဘက်သို့ သွားမည့် ဘတ်စ်ကားများကို ဆိပ်ကမ်းတွင် စောင့်ဆိုင်းနေကြပုံများကိုလည်း မြင်တွေ့ရကြောင်း သိရသည်။ **Mon**

## ဂယ်ရီ အိုးလ်ဒ်မန်း၊ ဒေးဗစ်ဘက်ခမ်းနှင့် တက်ကြွလှုပ်ရှားသူများ အင်္ဂလန်ဘုရင့်မွေးနေ့တော်ဂုဏ်ပြုစာရင်းတွင် ဆာဘွဲ့ချီးမြှင့်ခံရ



**လန်ဒန် ဇွန် ၁၄**

သရုပ်ဆောင် ဂယ်ရီ အိုးလ်ဒ်မန်းနှင့် ဒေးဗစ်ဘက်ခမ်းတို့အား ဆာဘွဲ့ချီးမြှင့်ခြင်းအပါအဝင် တက်ကြွလှုပ်ရှားသူများဖြစ်သော တက်စ်ဒါလီနှင့် ကလော်ဒီယာဝင်းကဲလ်မန်းတို့ကိုလည်း အင်္ဂလန်ဘုရင့်မွေးနေ့တော်ဂုဏ်ပြုစာရင်းတွင် ယမန်နေ့က ထည့်သွင်းခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အော်စကာဆုရှင် ဂယ်ရီ အိုးလ်ဒ်မန်းနှင့် အင်္ဂလန်ဘောလုံးအသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းတို့အပါအဝင် ဆာဘွဲ့ရရှိသူ အသစ် ၁၉ ဦးနှင့် အဆိုတော်နှင့် သရုပ်ဆောင် အီလိန်းပိုက်ဂျ်၊ မျိုးဆက်ဝတ္ထုရေးသူ ပတ်ဘာကာတို့အပါအဝင် ဒိမ်းဘွဲ့ရရှိသူ ၂၁ ဦး၏အမည်စာရင်းကိုလည်း ထုတ်ပြန်ကြေညာခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အဓိကဂုဏ်ထူးဆောင်စာရင်းတွင် လူ ၁၂၀၀ ပါဝင်ပြီး ၎င်းတို့အနက် ၄၈ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကာ အငယ်ဆုံးအရွယ် ၁၁ နှစ်မှ အကြီးဆုံး ၁၀၆ နှစ်အထိ ပါဝင်ကြသည်။

အဆိုပါစာရင်းတွင် အနုပညာ၊ နိုင်ငံရေးနှင့် အားကစားနယ်ပယ်မှ ကျော်ကြားသူများအပါအဝင် အသိုင်းအဝိုင်းအတွင်း လူမှုအကျိုးပြုလုပ်ငန်းများ၊ လှုပ်ရှားသူများနှင့် ရန်ပုံငွေရှာဖွေသူများကို အဓိကထား၍ ဂုဏ်ပြုထားကြောင်း သိရသည်။ **Mon**



## ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်များ ပိုမိုထိခိုက်ခဲ့ရာမှ ကမ္ဘာ့ရေနံဈေးနှုန်းများ ရုတ်တရက်မြင့်တက်လာ

**ဂျေရုဆလင် ဇွန် ၁၄**

အီရန်ရှိ စစ်ဘက်နှင့်နျူကလီးယားဆိုင်ရာ အချက်အချာနေရာများကို အစ္စရေးဘက်က ပစ်ခတ်တိုက်ခိုက်မှုနှင့် အီရန်၏တုံ့ပြန်မှုတို့ကြောင့် ယခင်ကတည်းက ကျပ်တည်းနေသော ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်များ ပိုမိုထိခိုက်ခဲ့ရာမှ ကမ္ဘာ့ရေနံဈေးနှုန်းများ ရုတ်တရက်မြင့်တက်လာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တဲလ်အဗစ်နှင့် တီဟီရန်အပါအဝင် ဒေသတွင်းရှိ အခြားလေဆိပ်များသို့ လေကြောင်းလိုင်းများ ပျံသန်းမှုကို ရပ်ဆိုင်းထားရာ ရေနံကုမ္ပဏီများ၊ သင်္ဘောလုပ်ငန်းများနှင့် ကြီးကြပ်ရေးအဖွဲ့အစည်းများအနေဖြင့် ဟော်မုဇ်ရေလက်ကြားကဲ့သို့သော အဓိကကုန်သွယ်ရေးလမ်းကြောင်းများ ပဋိပက္ခအလယ်သို့ ရောက်ရှိနိုင်သည်ဟူသော စိုးရိမ်မှုများလည်း တိုးပွားလာလျက်ရှိသည်။

ကုန်သင်္ဘောများ ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းဆဲဖြစ်သော်လည်း ယခင်ကထက် ပိုမိုသတိထား ဆောင်ရွက်နေကြကြောင်း သိရသည်။ **Mon**

## အိန္ဒိယလေကြောင်းလိုင်းပိုင်လေယာဉ် ပျက်ကျရာနေရာ၌ ခရီးစဉ်မှတ်တမ်းသေတ္တာနက် ရှာဖွေတွေ့ရှိ



**ဒေလီ ဇွန် ၁၄**

အိန္ဒိယနိုင်ငံ အာမေဒါဘတ်မြို့ရှိ အိန္ဒိယလေကြောင်းလိုင်းပိုင် လေယာဉ် ပျက်ကျရာနေရာ၌ ခရီးစဉ်မှတ်တမ်းသေတ္တာနက်ကို ဇွန် ၁၃ ရက်တွင် ရှာဖွေတွေ့ရှိခဲ့သည်ဟု အိန္ဒိယ အမျိုးသားလေကြောင်းနှင့်အာကာသဝန်ကြီး ရာမ်မိုဟန်နိုင်ဒူ ကင်ဂျာရာပူထုတ်ဖော်ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အိန္ဒိလေယာဉ်မတော်တဆမှုစုံစမ်းရေးဌာနက ထိုလေယာဉ်အချက်အလက်မှတ်တမ်းကိရိယာကို လေယာဉ်ပျက်ကျမှုဖြစ်ပွားပြီးနောက် ၂၈ နာရီအတွင်း ပြန်လည်ရယူနိုင်ခဲ့ကြောင်း ကင်ဂျာရာပူက အတည်ပြုသည်။

"ထိုသေတ္တာနက် ပြန်လည်ရရှိခြင်းသည် စုံစမ်းစစ်ဆေးမှုတွင် အရေးပါသောတိုးတက်မှုတစ်ခုဖြစ်ပြီး စုံစမ်းစစ်ဆေးမှုကို အထောက်အကူများစွာဖြစ်စေမည်" ဟု ထိုဝန်ကြီးက ရှင်းလင်းပြောကြားသည်။

လေယာဉ်များတွင် သေတ္တာနက်နှစ်လုံးပါရှိလေ့ရှိပြီး ၎င်းတို့သည် သေးငယ်သော်လည်း ခံနိုင်ရည်ရှိသော အီလက်ထရွန်းနစ်အချက်အလက်မှတ်တမ်း ကိရိယာများဖြစ်သည်။

ပထမသေတ္တာနက်သည် လေယာဉ်အမြင့်၊ အမြန်နှုန်းစသည့် အချက်အလက်များကို မှတ်တမ်းတင်ပြီး ဒုတိယသေတ္တာနက်မှာမူ လေယာဉ်မောင်းခန်းအတွင်းရှိ အသံများကို မှတ်တမ်းတင်ထားသဖြင့် စုံစမ်းစစ်ဆေးသူများအနေဖြင့် လေယာဉ်မှူးများ၏ စကားပြောဆိုမှုများနှင့် ပုံမှန်မဟုတ်သော အသံများကို နားထောင်နိုင်ကြောင်း သိရသည်။ **Mon**

# ပြန်လည်ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေး

**မန္တလေး ဇွန် ၁၄**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်သည် မန္တလေးတိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ထီးတော်မိုးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်၍ ပြန်လည်ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာန၌ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ကျောင်းသား၊ ကျောင်းသူများ ဘေးကင်းလုံခြုံ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဉစ)



# မန္တလေးတိုင်းဒေသကြီး ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း(Early Childhood Care and Development-ECCD) ကြီးကြပ်ရေးအဖွဲ့ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အစည်းအဝေး၌ တိုင်းဒေသကြီး ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားရာတွင် ECCD ကော်မတီဝင်များဖြင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ ဖွင့်လှစ်ထားရှိသော ပုဂ္ဂလိကမူလတန်းကြိုကျောင်းများနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား အသိအမှတ်ပြု တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားနိုင်ရေး စစ်ဆေးသွားရန်၊ တည်ထောင်ခွင့်ပြုမိန့်လျှောက်ထားနိုင်ရေး အသိပေးနှိုးဆော်သွားရန်နှင့် တည်ထောင်ခွင့်ပြုမိန့်ရရှိထားသောကျောင်းများအား သက်တမ်းမကုန်မီ သက်တမ်းတိုးများ လျှောက်ထားနိုင်ရေးတို့အတွက် အသိပေးနှိုးဆော်သွားရန်၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား မူကြိုကျောင်းများတွင် ECCD သင်တန်းမရရှိသေးသည့် ဆရာ၊ ဆရာမများအား သင်တန်းများ တက်ရောက်နိုင်ရန်၊ ကလေးသူငယ်များဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန်နှင့် ကော်မတီဝင်များအနေဖြင့် အားလုံးပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးသက်လှိုင်ထွန်းက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီးနောက် ကော်မတီတွင်ပါဝင်သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ လူမှုရေးရာဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

# Glory Goal နှင့် ခြေစမ်းပွဲစဉ်တွင် ဂိုးပြတ်ဖြင့် ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ရရှိ

ယနေ့ နံနက်ပိုင်းက Glory Goal နှင့် ယှဉ်ပြိုင်ခဲ့သည့် ခြေစမ်းပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ၅ဂိုး-၁ဂိုးနှင့် အနိုင်ရရှိခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို မျိုးဆက်ပိုင်၊ မိုဂူး၊ သာယာဝင်းထက်၊ ရဲလင်းထက်နှင့် အီစိုးတို့က သွင်းယူပေးခဲ့ပြီး Glory Goal အတွက် တစ်လုံးတည်းသော ချေပဂိုးကို သက်ဝေယံဦးက သွင်းယူပေးခဲ့သည်။

လက်ရွေးစင်ကစားသမားအချို့ ပြန်လည်ပါဝင်လာခဲ့ပြီး ၄၅ မိနစ် (၂)ပိုင်း ယှဉ်ပြိုင်ကစားခဲ့သည်။ ရန်ကုန်အသင်းအတွက် ဦးဆောင်ဂိုးကို မျိုးဆက်ပိုင်က ပွဲချိန် ၃၄မိနစ်တွင် သွင်းယူခဲ့ပြီး ဒုတိယဦးဆောင်ဂိုးကို မိုဂူးက ၄၂ မိနစ်တွင် သွင်းယူပေးခဲ့ကာ ပထမပိုင်းတွင် ၂ဂိုး-၀ဂိုးနှင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၅၀မိနစ်တွင် သာယာဝင်းထက်က သွင်းယူပေးခဲ့ပြီး Glory Goal မှ သက်ဝေယံဦးက တစ်မိနစ်အကြာတွင် ပြန်လည်သွင်းယူခဲ့သည်။ ရန်ကုန်အသင်းအတွက် အဆုံးသတ်အနိုင်ဂိုးများကို ရဲလင်းထက်က ပွဲချိန် ၆၉မိနစ်၊ အီစိုးက ၈၈ မိနစ်တို့တွင် သွင်းယူပေးခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ၅ဂိုး-၁ဂိုးနှင့် Glory Goal ကို အနိုင်ရရှိခဲ့သည်။



ရန်ကုန်ယူနိုက်တက်အသင်း၏ MNL League Cup 2025 (ကွာတားဖိုင်နယ်)ပွဲစဉ်ကို လာမည့် ဇွန် ၁၉ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အုပ်စု(ဂ) အသင်းမှ ဒုတိယရရှိသည့်အသင်းနှင့် သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)


# တရုတ်နိုင်ငံ Viltrox ကုမ္ပဏီ ဓာတ်ပုံပြိုင်ပွဲ မြန်မာနိုင်ငံမှ ဓာတ်ပုံဆရာများ ဆုရရှိ

**မန္တလေး ဇွန် ၁၄**

တရုတ်နိုင်ငံမှ ဒုတိယအကြိမ်ကျင်းပသည့် Viltrox Image Awards၊ 2024-2025 Global Photo Contest ပြိုင်ပွဲကျင်းပရာ မြန်မာနိုင်ငံမှ ဓာတ်ပုံဆရာများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ငွေတံဆိပ်ဆု၊ ဒုတိယဆုနှင့် Finalist Prize (၄)ဆု ရရှိကြသည်။ ဆုရရှိသူများမှာ ပြည့်ဖြိုးထိုက်က "ရေပေါ်ဈေး"ခေါင်းစဉ်ဖြင့် ငွေတံဆိပ်ဆု၊ အောင်ကျော်ဇော်က "ကင်တင်သူ" ခေါင်းစဉ်ဖြင့် ဒုတိယဆုနှင့် Finalist Prize ရရှိသူများမှာ စောမင်းနိုင်၊ စိုးပြည့်လင်း၊ စိုးမောင်မောင်ဇော်၊ စောမူရန့်တို့က ရရှိကြသည်။

ဆုရရှိသူများကို ဆုများချီးမြှင့်ရာတွင် ငွေတံဆိပ်ဆုရှင်အတွက် အမေရိကန်ဒေါ်လာ ၃၀၀၀ တန်ဖိုးရှိသော Viltrox ပစ္စည်းများကိုလည်းကောင်း၊ ဒုတိယဆုရရှိသူအတွက် အမေရိကန်ဒေါ်လာ ၉၀၀ တန်ဖိုးရှိသော Viltrtox ပစ္စည်းများ၊ Finalist Prize ဆုရရှိသူများအတွက် အမေရိကန်ဒေါ်လာ ၅၀၀တန်ဖိုးရှိသော Viltrox ပစ္စည်းများကို အိမ်တိုင်ရာရောက် ပို့ဆောင်ချီးမြှင့်သွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲမှ မည်သည့်မှန်ဘီလူးအမျိုးအစားနဲ့မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်ပြီး Viltrox မှန်ဘီလူးအမျိုးအစားနှင့် ယှဉ်ပြိုင်လျှင် အမှတ်ပိုရပြီး အခွင့်အရေးပိုရနိုင်ကြောင်း သိရသည်။

(ဝဇ၁)





## ပျော်ဘွယ်မြို့နယ်တွင် ပလတ်စတစ်အန္တရာယ် ကာကွယ်ရေး အသိပညာပေးဟောပြော

**ပျော်ဘွယ် ဇွန် ၁၄**

မိတ္ထီလာခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတရရှိစေရန်အတွက် ပလတ်စတစ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက မယ်ဇလီအိုင့်ကျေးရွာဘက်စုံသုံးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မိတ္ထီလာခရိုင်ဦးစီးမှူး ဒေါ်အေးစန္ဒာက ကျေးရွာပြည်သူများ သိရှိထားသင့်သည့်ပလတ်စတစ်သုံးစွဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်လာမှု အခြေအနေများ၊ ပလတ်စတစ်သုံးစွဲမှုလျှော့ချရမည့်နည်းလမ်းများစသည်တို့ကို အပြန်အလှန်ဆွေးနွေးသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျင်းပခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာစီမံကိန်းပြိုင်ပွဲတွင် ဂုဏ်ပြုဆုရရှိခဲ့သည့် မယ်ဇလီအိုင့်ကျေးရွာအား ဆုလက်မှတ်ကို ပေးအပ်ချီးမြှင့်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ထွေးက လက်ခံရယူသည်။ ပလတ်စတစ်အန္တရာယ်ကာကွယ်ရေးအတွက် ပြန်လည်ဆွေးနွေးနိုင်သည့် ကျေးရွာပြည်သူများကိုလည်း အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

**တောင်တွင်းကြီး ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး၊မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်း ရေကြီးရေလျှံမှုနှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ အချိန်နှင့်တစ်ပြေးညီ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်စေရေးအတွက် ပွဲမဝင်ခင်အပြင်ကျင်းပဆိုသည့်စကားနှင့်အညီ ကြိုတင်လေ့ကျင့်ခြင်းများအနေဖြင့် ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက ရတနာပွင့်လုကန်တော်ကြီး၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောမောင် ဦးဆောင်ကာ ဒုတိယမီးသတ်ဦးစီးမှူးနှင့် သန္နေတပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များက အသက်ကယ်ဘောကွင်း၊ အသက်ကယ်ကြိုးများ အသုံးပြုကာ ရေနစ်နေသူအား ကယ်ဆယ်ခြင်း၊ စက်စွမ်းရည်ပြသခြင်း၊ Water Rescue Robot အသုံးပြု၍ ရေနစ်နေသူအား ကယ်ဆယ်ခြင်း၊ရှေးဦးပြုစုနည်းဖြင့် အသက်ကယ်ခြင်းစသည့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိဿနိုးမြေ)**

*-*-*-*-*



## ရန်ကုန်-မန္တလေး အမြန်လမ်းတွင် မော်တော်ယာဉ် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇွန် ၁၄**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၆၄/၃)နှင့်(၆၄/၂)ကြားတွင် ဇွန် ၁၃ ရက် နံနက် ၆ နာရီခန့်က C660 အမျိုးအစားအဖြူရောင်ယာဉ်တစ်စီး အင်ဂျင်ခန်းအပူတက်ပြီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဥဿျစ်ကုန်းအမြန်လမ်း နယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် သွားရောက်ငြိမ်းသတ်ရာ နံနက် ၆ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ယာဉ်ပျက်စီးသွားပြီး လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

အလားတူ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၁၂)အနီးတွင် ဇွန် ၁၂ ရက် ည ၇ နာရီခန့်က မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် လှည်းကူးမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ထွက်ခွာ ငြိမ်းသတ်ရာ ည ၇ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ **(အောက်ပုံ) (၀၄၅)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟန်မြင့်မိုရ်-ရွှာင်လမ်းဆင်ခေါင်းတောင်အနီး၌ ချင်းရွှေဟော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်လေးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး၊ စားသောက်ကုန်ပစ္စည်းလေးမျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Shacman Tractor Head တစ်စီး၊ Man Tractor Head တစ်စီး၊ Howo Tractor Head တစ်စီး၊ Cheng Long Tractor Head တစ်စီး နှင့် နောက်တွဲယာဉ်လေးတွဲကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ **(အောက်ဝဲပုံ)**




ထို့ပြင် ဇွန် ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုးကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကိုလည်းကောင်း၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်လေးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းငါးမျိုး၊ စားသောက်ကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ဆိုင်ကယ်အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမှ ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့မှုကြောင့် အမျိုးသား တစ်ဦး သေဆုံးကာ၊ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ပျဉ်းမနား ဇွန် ၁၄**

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၌ ဆိုင်ကယ်မှ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမှ ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့မှုကြောင့် အမျိုးသား တစ်ဦးသေဆုံးကာ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၈ ရက် ည ၈နာရီခွဲက နေပြည်တော်ကောင်စီနယ်မြေ၊ပျဉ်းမနားမြို့နယ်၊ညောင်ပင်သာကျေးရွာနေ သူရိန်မြင့်(ခ)ကတုံး မောင်းနှင်ပြီး တစ်ရွာတည်းနေ ရန်လင်းသွင်(ခ) တိုးကြီး စီးနင်းလိုက်ပါလာသည့် TARYAN 110 အနက်ရောင် ဆိုင်ကယ်သည် ရွာက်တောပင်ကျေးရွာ(ပျဉ်းမနား-သကြားစက်)သွား ကားလမ်းအတိုင်း သနပွင်ဆိပ်ကျေးရွာမှ ညောင်ပင်သာကျေးရွာသို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် (၂၂)မိုင်အရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြော မျက်နှာချင်းဆိုင်မှ နေပြည်တော် ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ဆင်သေကျေးရွာနေ ဦးကျော်ခိုင်ဦး မောင်းနှင်ပြီး ဒေါ်ဝင်းပပ စီးနင်းလိုက်ပါလာသည့် ADIXIN 110 နက်/ပြာရောင်ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ရန်လင်းသွင်(ခ)တိုးကြီးမှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ဦးကျော်ခိုင်ဦးနှင့် ဒေါ်ဝင်းပပတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် သူရိန်မြင့်(ခ)ကတုံးအား ပျဉ်းမနားမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# မန္တလေးနေ့စဉ်၏ တစ်ချိန်က အယ်ဒီတာချုပ်

### မန္တလေးနေ့စဉ်နှင့် ကျွန်တော်

မန္တလေးနေ့စဉ်သတင်းစာသည် ၁၉၉၇ ခု၊ နိုဝင်ဘာ ၃၀ ရက်၊ နတ်တော်လဆန်း ၁ ရက်မှ စတင်ကာ ဖြန့်ဝေခဲ့၏။ ထိုစဉ်ကာလက ကျွန်တော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်နေသော ကာလဖြစ်၏။

မန္တလေးနေ့စဉ်သတင်းစာ စတင်ဖြန့်ဝေသော နေ့က ကျွန်တော်မန္တလေးတွင် ရောက်ရှိနေခိုက်ဖြစ်သဖြင့် သတင်းစာတိုက်မှ အခမဲ့ရရှိခဲ့သော သတင်းစာကိုယူကာ အရာတော်မြို့သို့ ထိုနေ့မှာပင် ပြန်ခဲ့၏။ ကျွန်တော်သည် စာရေး၊ စာဖတ် ဝါသနာပါသူပီပီ ရှေ့သို့စာစောင် စသည်တို့တွင် စာရေးသားနေရင်း အရာတော်မြို့နယ်၏ သတင်းနှင့် သတင်းဆောင်းပါးများကို မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပို့ဆောင်ပေးသော အလုပ်ကို တစ်ဖက်တစ်လမ်းမှ လုပ်ဆောင်ခဲ့၏။ ထိုအလုပ်တို့ကို ငွေကြေးရလိုမှုအတွက် မဟုတ်ဘဲ မိမိမြို့နယ်၏ သတင်းများကို အခြားဒေသ အသီးသီးက ပုဂ္ဂိုလ်များ သိရှိစေလိုသော ဆန္ဒတစ်ခုဖြင့်သာ ရေးသားပေးပို့ခဲ့ခြင်းဖြစ်ပါသည်။

သတင်းပေးပို့ခဲ့ရာတွင် မိမိရေးသားသော သတင်းအောက်တွင် အကျိုးဆောင်သတင်းထောက် (က/ဆ) ဟူ၍ ဖော်ပြရေးသားခဲ့ရ၏။ အကျိုးဆောင် သတင်းထောက် (က/ဆ)ဖြင့် တစ်နှစ်ဝန်းကျင် ရေးသားခဲ့ရ၏။ ၁၉၉၉ခုနှစ်၊ ဇန်နဝါရီလမှ နယ်သတင်းထောက်နံပါတ် (၃၈၀) ကို ချပေးခြင်း ခံခဲ့ရပါသည်။

### အယ်ဒီတာချုပ်နှင့် ပထမဆုံးအကြိမ် တွေ့ဆုံခြင်း

တစ်နေ့တွင် စာတိုက်မှ ဆရာစိုးဝင်းဗိုလ် (အရာတော်)ကို သတင်းထောက်နံပါတ် (၃၈၀) ပေးအပ်လိုက်ပါသည်။ မန္တလေးလာရောက်သည့်အခါ အယ်ဒီတာချုပ်နှင့် လာရောက်တွေ့ဆုံနိုင်ကြောင်း အကြောင်းကြားစာရရှိခဲ့၏။

အကြောင်းကြားစာရရှိပြီး နှစ်ရက်ခန့်တွင် စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်မှာ မန္တလေးမြို့သို့ သွားရောက်ခဲ့၏။ မန္တလေးသတင်းစာတိုက် ရောက်ရှိသည့်အခါ အယ်ဒီတာချုပ် အခန်းကို မေးကာ သွားရောက်တွေ့ဆုံခဲ့ပါသည်။

အယ်ဒီတာချုပ်သည် ကျွန်တော် သူ့အခန်းဝင်သွားသည်နှင့် "ကျွန်တော် နတ်မောက်ထွန်းရှိန် ပါခင်ဗျာ၊ လာရင်းကိစ္စပြောပါ ခင်ဗျာ"ဟု ကျွန်တော့်ကို အသံပျော့ပျော့လေးဖြင့် ချိုသာစွာ ပြောကြားလာပါသည်။ ဟိတ်ကြီး ဟန်ကြီးလည်း မရှိ။ အသံချိုသလို မျက်နှာထားလည်း ချိုလှသည်။ အမူအရာကလည်း အေးအေးလေးပင်။ သို့အတွက် ကျွန်တော့်စိတ်ထဲတွင် ပေါ့ပေါ့ပါးပါး သက်သောင့်သက်သာ ရှိသွားခဲ့၏။ စိတ်ထဲ လေးလေးပင်ပင် ဖြစ်ခဲ့သည်တို့လည်း ကြက်ပျောက်ငှက်ပျောက် ဖြစ်သွားခဲ့ပါသည်။

"ကျွန်တော် စိုးဝင်းဗိုလ်(အရာတော်)ပါ ဆရာကြီးခင်ဗျား၊ မန္တလေးရောက်ရင် ဆရာကြီးနဲ့ တွေ့ဆုံဖို့ စာရရှိခဲ့လို့ လာတာပါခင်ဗျာ" ဟု ဆရာကြီးကို ဂါရဝတရားဖြင့် ပြောကြားလိုက်သည်တွင် -

"ဆရာ့ကို သတင်းထောက်နံပါတ်(၃၈၀) ချပေးထားတယ်၊ အဲ့ဒီနံပါတ်နဲ့ သတင်းပို့ပေတော့၊ ဆရာ့ဆောင်းပါးတွေလည်း ကောင်းပါတယ်၊ ဆက်လက်ကြိုးစားရေးသားပေးပါ။ သတင်းရေးသားရာမှာလည်း မှန်ဖို့၊ မြန်ဖို့၊ စာဖတ်သူနားလည်ဖို့၊ ရိုးရှင်းတဲ့ စကားပြေဖြစ်ဖို့ အရေးကြီးပါတယ်။ ဆရာကြီးတို့က နယ်သတင်းထောက်တွေကိုလည်း လေးစားပါတယ်၊ ရိုးရိုးသားသား ကြိုးကြိုးစားစား ဆောင်ရွက်ပါ" ဟူ၍ လမ်းညွှန်မှာကြားခဲ့ပါသည်။ ကျွန်တော်သည် ဆရာကြီး၏ ဆုံးမမှုနှင့်အညီ သတင်းထောက်နံပါတ်(၃၈၀)မှ (၀၃၃)နံပါတ်ကို ပြောင်းလဲကာ သတင်းများကိုလည်း ယနေ့တိုင် ရေးသားလျက်ရှိနေပါသေးသည်။

### အယ်ဒီတာချုပ်နှင့် ဒုတိယအကြိမ် တွေ့ဆုံခြင်း

ကျွန်တော်သည် ၂၀၀၇ ခုနှစ်တွင် အရာတော်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ အ.ထ.က(၁၄)သို့ ဇူလိုင်လတွင် ပြောင်းရွှေ့ကာ အထက်တန်းပြဆရာနှင့်ပင် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့၏။

ကျွန်တော်သည် မန္တလေးမြို့၊ အ.ထ.က(၁၄) ရောက်ရှိပြီး နှစ်လကျော်ကျော်တွင် "ပညာခေတ်ကို စိန်ခေါ်နေသော အ.ထ.က(၁၄)" ဆောင်းပါးကို မန္တလေးနေ့စဉ်သတင်းစာတိုက်တွင် သွားရောက်ပို့ဆောင်ရင်း အယ်ဒီတာချုပ် ဆရာကြီးနတ်မောက်ထွန်းရှိန်ကို သွားရောက်နှုတ်ဆက်ခဲ့ပါသည်။

ဒုတိယအကြိမ်တွေ့ဆုံရာတွင်လည်း ဆရာကြီးက "အေး ဆရာ မန္တလေးရောက်လာတာ ဝမ်းသာပါတယ်" ဟုသာ လိုရင်းတိုရှင်းပြောခဲ့၏။ ဆရာကြီးသည် စကားကို ဝေဝေဆာဆာပြောလေ့ရှိပုံ မရပေ။ ဆရာကြီးသည် စကားကို အပိုဆာလာမပြောသော်လည်း ဆရာကြီး၏ မျက်နှာတွင် ဖော်ရွေသောအပြုံးကိုတော့ တွေ့မြင်ရပါသည်။ လေးစားမိပါ၏။

ထို့နောက် မန္တလေးသတင်းစာတိုက်မှ နိုင်ကမ္ဘာ (ဦးတင်ထွန်းဦး)၊ မောင်မဂ္ဂင်(ဦးဝင်းနိုင်)၊ သတင်းစာတိုက်ကို လာလေ့ရှိသော အောင်တင်ဝင်း(ငါ့သရောက်)၊ မောင်မြဝေ(ယောမင်းကြီး)စသည်တို့နှင့် သိကျွမ်းရင်းနှီးခွင့်ရရှိခဲ့၏။

### တာဝန်ယူသည့်လုပ်ငန်းတို့ကို ကျေပွန်သည့် အယ်ဒီတာချုပ်

ကျွန်တော် မန္တလေးပြန်ရောက်ပြီး တစ်နှစ်အကြာ မြောက်ပြင်တော်က ကိုရွှေမော်တို့နှင့် ရင်းနှီးခွင့်ရရှိခဲ့၏။ ကိုရွှေမော်သည် ဆရာကြီးနတ်မောက်ထွန်းရှိန်၏ သားတပည့်အရင်းဖြစ်သည်ကို သိခဲ့ရ၏။ သို့ဖြင့် ကိုရွှေမော်၏ အကူအညီကို ရယူကာ ဆရာကြီးနတ်မောက်ထွန်းရှိန် အိမ်ကို သွားရောက်ခဲ့သည်။

ဆရာကြီးအိမ် သွားရောက်ခဲ့ရခြင်း အကြောင်းမှာ ကျွန်တော်၏ညီ ကိုကျော်မိုး၏ စီးရီးတိပ်ခွေ မိတ်ဆက်ပွဲ ပြုလုပ်ရာတွင် သတင်းသမားတို့ကို ဖိတ်ကြားလို၍ ဖြစ်ပါသည်။

ထိုအချိန်က ကျွန်တော်ကိုယ်တိုင် သတင်းများရေးသားနေသော်လည်း သတင်းထောက်စာရေးဆရာ တင်ဝင်းရွှေ(ရွှေပန်းကုံး)မှလွဲ၍ တစ်ယောက်မှ သိကျွမ်းခြင်းမရှိသေးသဖြင့် ဆရာကြီးအိမ် သွားရောက်ခဲ့ခြင်း ဖြစ်၏။

ထိုနေ့က ကိုရွှေမော်၏ အကူအညီဖြင့် ဆရာကြီးကို တွေ့ခွင့်ရခဲ့၏။ တွေ့ခွင့်ရသည်နှင့် "ဆရာကြီးခင်ဗျာ၊ မန္တလေးမြို့မ ကိုပေါ်ရဲ့ ချစ်ပန်းရည်တူ သီချင်းတွေကို ကျွန်တော့်ညီ ကိုကျော်မိုးက ကိုယ်တိုင် ဒါရိုက်တာလုပ်၊ ကိုယ်တိုင်ရိုက်၊ ကိုယ်တိုင် ထုတ်လုပ်ထားပါတယ်။ အဲ့ဒီသီချင်းခွေ မိတ်ဆက်ပွဲအတွက် သတင်းထောက်တွေကို ဖိတ်လိုတဲ့အတွက် ဆရာကြီးဆီ ရောက်လာတာပါ" ဟုပြောရာ "အေး… ငါဖိတ်ပေးမယ်၊ ငါကိုယ်တိုင်လည်း တက်မယ်" ပြောခဲ့၏။

နောက်တစ်နေ့ ဆရာကြီးအိမ် မြောက်ဘက် ၁၉ လမ်းက တိုက်မှာပြုလုပ်သည့် သီချင်းခွေ မိတ်ဆက်ပွဲကို ဆရာကြီးကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးခဲ့ပါသည်။ ဆရာကြီးသည် သီချင်းခွေ မိတ်ဆက်ပွဲသတင်းကိုလည်း သတင်းထောက်များကို တာဝန်ပေးကာ ဝေဝေဆာဆာဖော်ပြပေးခဲ့၏။ ထို့နောက်တွင်တော့ သတင်းထောက် ဦးထွဏ်းလှအောင်၊ သတင်းထောက် ဦးအောင်မင်းဦး၊ ခင်ခင်ဝင်း(ပညာရေး)၊ သင်းသင်း(မန္တလာ)၊ နုနုကြည် (အမေ့အိမ်) စသည့် စာပေလောကမှ ပုဂ္ဂိုလ်တို့နှင့် တဖြည်းဖြည်း အသိများပြားလာခဲ့ရပါသည်။

ကျွန်တော်သည် ဆရာကြီးနတ်မောက်ထွန်းရှိန် အိမ်ကိုလည်း ကိုရွှေမော်နှင့်အတူ အဝင်၊ အထွက်များလာခဲ့ပါသည်။ တစ်ခါတရံ ဖိုးချစ်(မန်းတောင်ခြေ)လည်း ပါလာခဲ့ပါသည်။ သို့ဖြင့် ၂၀၁၉ခုနှစ်တွင် ကျွန်တော် စာအုပ်ထုတ်ဝေရန် စီစဉ်သောအခါ ဆရာကြီးနတ်မောက်ထွန်းရှိန်ကို အမှာစာ ရေးပေးပါရန် အောင်တင်ဝင်း(ငါ့သရောက်)နှင့် ရောက်ရှိခဲ့ပါသည်။ ဆရာကြီးအိမ်တွင် ကိုရွှေမော် ရောက်ရှိနေသည်ကို တွေ့ရပါသည်။

ကျွန်တော်က စာအုပ်ထုတ်ဝေမည့် နမူနာစာအုပ်ကို ဆရာကြီးထံပေးပြီး အမှာစာရေးပေးပါရန် တောင်းဆိုလိုက်၏။ ထိုအခါ ဆရာကြီးက စာအုပ်နာမည်ရွေးပြီးပြီလားဟု မေး၏။ထိုအခါကျွန်တော်က "ဆရာကြီးခင်ဗျာ၊ စာအုပ်ထဲမှာပါတဲ့ ဆောင်းပါးခေါင်းစဉ်တစ်ခုခုကို စာအုပ်အမည်ပေးရင် ကောင်းမလား ခင်ဗျာ"ဟုအမေးရှိသည်တွင် "မင်းရေးထားတဲ့ လူပုဂ္ဂိုလ်တွေက မန္တလေးက ပုဂ္ဂိုလ်တွေဆိုတော့ စာအုပ်အမည်ကို မန္တလေးအမည်ပါရင် ကောင်းမယ်၊ ဒါမှ မန္တလေးက စာဖတ်ပရိသတ်တွေက ပိုပြီး စိတ်ဝင်စားမယ်" ဟု အကြံပြုလာသည်။

သို့ဖြင့် ကျွန်တော်က "မန္တလေးမြို့က သူတို့အကြောင်း ဆိုရင်ကော အဆင်ပြေမလား ဆရာကြီးခင်ဗျာ"ဟု အမေးရှိလိုက်၏။ ထိုအခါဆရာကြီးနှင့် တကွ ဆရာအောင်တင်ဝင်းနှင့် ကိုရွှေမော်တို့ကပါ ကောင်းပါတယ်ဟု ဝိုင်းဝန်းထောက်ခံကြ၏။ "မင်းပေးတဲ့ စာအုပ်နာမည်ကောင်းတယ်၊ အမှာစာရေးပေးမယ်။ မူကြမ်းစာအုပ်ထားခဲ့"ဟု ဆရာကြီးက ပြောပြီးသည်နှင့် ကျွန်တော်တို့ ဆရာကြီးကို ပြန်ခွင့်ပြုရန် ခွင့်တောင်းကာ ဆရာကြီးအိမ်မှ ပြန်ခဲ့ကြ၏။

နောက်တစ်နေ့ ညနေတွင် ကိုရွှေမော်က ဖုန်းဆက်အကြောင်းကြားလာ၏။ "ဆရာစိုးဝင်းဗိုလ် ဆရာကြီးက ခုပဲ အမှာစာလာယူတဲ့၊ ကျွန်တော်လည်း အခုညနေပဲ ဆရာကြီးဆီ ရောက်နေတယ်၊ ကျွန်တော်စောင့်နေမယ် အမြန်လာခဲ့" ဟု ပြောကာ ဖုန်းချသွား၏။

သို့ဖြင့် ဆရာကြီးအိမ် ကျွန်တော်ရောက်ရှိသွားခဲ့၏။ ဆရာကြီးအိမ် ခရီးရောက်မဆိုက်ပင် ကိုရွှေမော်က ပြောကြားလာသည်မှာ "ဆရာစိုးဝင်းဗိုလ် ခင်ဗျားကံထူးတာပဲ၊ ဆရာကြီးရဲ့အမှာစာက တခြားပုဂ္ဂိုလ်တွေဆိုရင် အနည်းဆုံးတစ်လ၊ နှစ်လ စောင့်ကြရတာ။ ဆရာကြီးက ခင်ဗျားအပေါ် အလေးထားလို့ အခုလို အမြန်ဆုံးရေတာ၊ ဒါဟာ ခင်ဗျားအပေါ် ဆရာကြီးရဲ့ ထူးခြားချက်တစ်ရပ်ပဲ" ဟူ၍ ဂုဏ်ပြုစကားပြောကြားခဲ့၏။

သို့ဖြင့် ဆရာကြီးကို ကျေးဇူးတင်ကြောင်း ပြောကာ ဂါရဝပြုပြီး ပြန်ခဲ့ပါသည်။

ကျွန်တော်၏ "မန္တလေးမြို့က သူတို့အကြောင်း"စာအုပ်တွင် "အမျိုးသားစာပေဆုရှင် သတင်းစာဆရာကြီး၊ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ မိတ်ဆက်နိဒါန်းစကား"။ "အမျိုးသားစာပေဆုရှင် ဆရာညီပုလေး၏ မုဒိတာစာလွှာ"။ "မန္တလေးမြို့တော်ဝန်(ငြိမ်း)၊ တရုတ်၊ လာအို၊ မွန်ဂိုလီးယား သုံးနိုင်ငံ သံအမတ်ကြီး (ငြိမ်း) ဦးစိန်ဝင်းအောင်၏ ဖတ်ညွှန်းလွှာ" တို့ဖြင့် တခမ်းတနား ဝေဝေဆာဆာ ထုတ်ဝေနိုင်ခဲ့ပါသည်။ ဆရာကြီးတို့၏ ကျေးဇူးကား ကြီးမားလှပါ၏။

### အနန္တဂိုဏ်းဝင်ဆရာကြီး ကျေးဇူး၊ လွန်ကြီးမားပ

၂၀၁၉ စက်တင်ဘာလတွင် မန္တလေးမြို့က သူတို့အကြောင်း စာအုပ်ထွက်ရှိလျှင် ထွက်ရှိခြင်း ဆရာကြီး နတ်မောက်ထွန်းရှိန်ထံ ဦးဦးဖျားဖျား သွားရောက်ပေးပို့ ပူဇော်ကန်တော့ခဲ့၏။

ဆရာကြီးသည် ကျွန်ုပ်အပေါ်သာမက သူ တာဝန်ယူသည့် လုပ်ငန်းရပ်တိုင်းကို တာဝန်ကျေပွန်သော ပုဂ္ဂိုလ်မြတ်တစ်ဦး ဖြစ်ပါသည်။

ဆရာကြီးသည် သတင်းထောက်များ၊ စာရေးဆရာများ စသည့် စာပေလောကသား အားလုံးအပေါ် သူတတ်နိုင်သော လုပ်ငန်းရပ်တိုင်းကို ကူညီဆောင်ရွက်ပေးလေ့ရှိ၏။ တာဝန်ကျေပွန်သော ပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်ပါသည်။ စာပေနယ်မှ ပုဂ္ဂိုလ်တို့ကို အလေးအမြတ်ထား ဆက်ဆံပြောဆိုလေ့ရှိသော ဆရာကြီးတစ်ဦးလည်း ဖြစ်ပါသည်။

ဆရာကြီးသည် စာပေလောကသားတို့အတွက် စံနမူနာပြနေထိုင်သွားခဲ့သူ ဖြစ်ပါသည်။ ဆရာကြီးသည် "မန္တလေးမြို့က သူတို့အကြောင်း" စာအုပ်ထွက်ရှိပြီး မကြာမီ ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့၏။ မန္တလေးမြို့က သူတို့အကြောင်း စာအုပ်၏ မိတ်ဆက်နိဒါန်းစကားသည် ဆရာကြီး၏ နောက်ဆုံးဖြစ်နေမည်သာတည်း။

ဆရာကြီး၏ ဂုဏ်ကျေးဇူးတို့ကား အလွန်ကြီးမားလှပါပေ၏။ သို့အတွက် စာပေလောကတွင် ဆရာကြီး နတ်မောက်ထွန်းရှိန်သည် မှန်ကင်းကဲ့သို့ ထိပ်ဆုံးတွင် အထွတ်အမြတ်ထားရှိအပ်သော ပုဂ္ဂိုလ်မြတ်ဟု ဆိုချင်ပါသတည်း။ ရိုသေလေးမြတ်စွာဖြင့် …. ။

**စိုးဝင်းဗိုလ်(အရာတော်)**




## ဂျိမ်းမီလ်နာ ဘရိုက်တန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇွန် ၁၄**

ဘရိုက်တန်အသင်းသည် အသင်း ဝါရင့်ကွင်းလယ်ကစားသမား ဂျိမ်းမီလ်နာအား တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အသက်အရွယ်ပိုင်းအားဖြင့် ရင့်ပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသောကြောင့် ဘရိုက်တန်အသင်းက သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။




ဂျိမ်းမီလ်နာက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ လာမယ့် ဘောလုံးရာသီမှာ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေ ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ **(ဝဲပုံ) (NGB)**



## မက်စတန်တူနိုကို ရီးရဲလ်မက်ဒရစ်အသင်း ခေါ်ယူ

**မက်ဒရစ် ဇွန် ၁၄**

ရီးရဲလ်မက်ဒရစ်အသင်းသည် အာဂျင်တီးနားကလပ် ရေဗားပလိတ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား မက်စတန်တူနိုကို ၆နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၇)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ရေဗားပလိတ်အသင်းနှင့်အတူ ၂၀၂၄မှ ၂၀၂၅ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၆၁ပွဲကစားကာ ၁၀ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့သလို အနာဂတ်တွင်ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ၄င်းအသက် ၁၈နှစ်ပြည့်မည့် ဩဂုတ် ၁၄ ရက်မှသာ ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပူးပေါင်းသွားမည်ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား သုံးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(အပေါ်ပုံ)(NGB)**

## တွမ်ကလီဗာလေးအား နည်းပြသစ်အဖြစ် ပလိုင်းမောက်အသင်း ခန့်အပ်

**လန်ဒန် ဇွန် ၁၄**

ပလိုင်းမောက်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ တွမ်ကလီဗာလေးအား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ပလိုင်းမောက်အသင်းနှင့်အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နည်းပြ တွမ်ကလီဗာလေးသည် နည်းပြဘဝတွင် ဝက်ဖို့ဒ်အသင်းအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ပလိုင်းမောက်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၃၅)နှစ်အရွယ်ရှိ နည်းပြ တွမ်ကလီဗာလေး "ကျွန်တော် ပလိုင်းမောက်အသင်းရဲ့ နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။**(အောက်ပုံ)(NGB)**



## ဂျိုနသန်ဒေးဗစ်အား ခေါ်ယူရန် ဂါလာတာစာရေးအသင်း ဆွေးနွေး

**လန်ဒန် ဇွန် ၁၄**

ဂါလာတာစာရေးအသင်းသည် လိုင်လီအသင်းနှင့် လမ်းခွဲခဲ့သည့် တိုက်စစ်မှူး ဂျိုနသန်ဒေးဗစ်အား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လိုင်လီအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၂ ပွဲကစားပြီး ၁၀၉ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။



တိုက်စစ်မှူး ဂျိုနသန်ဒေးဗစ်ကလည်း လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် ဂါလာတာစာရေးအသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဂါလာတာစာရေးအသင်းအနေဖြင့် တိုက်စစ်မှူး ဂျိုနသန်ဒေးဗစ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## အီတီကီအား ပြောင်းရွှေ့ကြေးကို ယူရို သန်း ၁၀၀ အထိ ဖရန့်ဖတ်အသင်း အလိုရှိ

**မြူးနစ် ဇွန် ၁၄**

ဖရန့်ဖတ်အသင်းသည် အသင်းတိုက်စစ်မှူး အီတီကီ၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၁၀၀ အထိ အလိုရှိနေသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပထိပ်သီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(အောက်ပုံ)**

တိုက်စစ်မှူး အီတီကီသည် ဖရန့်ဖတ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၈ ပွဲကစားပြီး ၂၂ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဖရန့်ဖတ်အသင်းကလည်း အီတီကီအတွက် ၄င်းတို့အလိုရှိသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေသည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဖရန့်ဖတ်အသင်းက သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း အီကီတီအား ဥရောပထိပ်သီးကလပ်အသင်းများစွာထဲမှ မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လည်းဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## 2025 Boss Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်သို့ Taylor Fritz တက်ရောက်

**စတုဂတ် ဇွန် ၁၄**

ဂျာမနီနိုင်ငံ၊ စတုဂတ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Boss Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အမေရိကန်တင်းနစ်ကစားသမား Taylor Fritz တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်ကစားသမား Taylor Fritz သည် 2025 Boss Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဟန်ဂေရီတင်းနစ်ကစားသမား Marton Fucsovics အား ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2025 Boss Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Taylor Fritz နှင့် ကနေဒါ တင်းနစ်ကစားသမား Felix Auger-Aliassime တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(ဝဲပုံ)(NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* အင်္ဂလန်လက်ရွေးစင်အသင်းနှင့် မန်ချက်စတာယူနိုက်တက် အသင်း ကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်းသည် ဗြိတိန်ဘုရင်က ပေးအပ်သည့် Knighthood(Sir) ဂုဏ်ထူးဆောင်ဘွဲ့ ရရှိခဲ့သည်။

* လေဗာကူဆင်အသင်းအနေဖြင့် မန်ချက်စတာယူနိုက်တက်အသင်းကစားသမား ဂါနာချိုအား ခေါ်ယူမည်မဟုတ်တော့ကြောင်း အတည်ပြုကြေညာခဲ့သည်။ **(NGB)**

## ဖီဖာကလပ်ကမ္ဘာ့ဖလား ချန်ပီယံဆုအား ဆွတ်ခူးရန် ပီအက်စ်ဂျီအသင်း ရေပန်းစားနေ

**လန်ဒန် ဇွန် ၁၄**

၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား ချန်ပီယံဆုအား ဆွတ်ခူးရန် ပီအက်စ်ဂျီအသင်းက ရေပန်းစားလျက်ရှိကြောင်း ဘောလုံးအချက်အလက်ဝက်ဘ်ဆိုက်ဖြစ်သည့် Opta က တွက်ချက်ဖော်ပြခဲ့သည်။

ဘောလုံးအချက်အလက်ဝက်ဘ်ဆိုက်ဖြစ်သည့် Opta ၏ တွက်ချက်မှုအရ ဖီဖာကလပ်ကမ္ဘာ့ဖလား ချန်ပီယံဆုအား ဆွတ်ခူးရန် ပီအက်စ်ဂျီအသင်းက ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိပြီး ၄င်းနောက်တွင် မန်ချက်စတာစီးတီး၊ ဘိုင်ယန်မြူးနစ်၊ အင်တာမီလန်၊ ရီးရဲလ်မက်ဒရစ်၊ ချဲလ်ဆီး၊ အက်သလက်တီကိုမက်ဒရစ်၊ ဂျူဗင်တပ်အသင်းတို့က အသီးသီးရပ်တည်လျက်ရှိသည်။




၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲအား ကလပ်အသင်းပေါင်း ၃၂ သင်းအထိ ပါဝင်ခဲ့ပြီး ဇွန် ၁၄ ရက်မှ ဇူလိုင် ၁၄ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် လက်ရှိရေပန်းစားနေသည့်အတိုင်း ၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား ချန်ပီယံဆုအား ဆွတ်ခူးသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## ဖီဖာကလပ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်) ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|---|
| ၁၅-၆-၂၀၂၅ တနင်္ဂနွေနေ့ | ည ၁၀း၃၀ နာရီ | C | ဘိုင်ယန်မြူးနစ်(ဂျာမနီ) – အော့ကလန်စီးတီး(နယူးဇီလန်) | ——— |
| ၁၆-၆-၂၀၂၅ တနင်္လာနေ့ | နံနက် ၀၁း၃၀ နာရီ | B | PSG (ပြင်သစ်) – အက်သလက်တီကို(စပိန်) | PSG ၁-၂ အက်သလက်တီကို |
| ။ | နံနက် ၀၄း၃၀ နာရီ | A | ပါးလ်မီးရက်စ်(ဘရာဇီး) – ပေါ်တို(ပေါ်တူဂီ) | ——— |
| ။ | နံနက် ၀၇း၃၀ နာရီ | B | ဘိုတာဖိုဂို(ဘရာဇီး) – ဆီယက်တဲလ်ဆောင်းဒါးစ်(အမေရိကန်) | ——— |

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့တော်စိမ်းလန်းစိုပြည်ရေးတွင် အသုံးပြုရန် နှစ်စဉ် အရိပ်ရပင်တစ်သိန်းနှင့် အလှပန်းပင်ဆယ်သိန်း ပျိုးထောင်စိုက်ပျိုး



**မန္တလေး ဇွန် ၁၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန၊ ပျိုးဌာနခွဲသည် မြို့တော်စိမ်းလန်းစိုပြည်ရေးတွင် အသုံးပြုရန်အတွက် အရိပ်ရပင်ပေါင်း တစ်သိန်းနှင့် အလှပန်းပင်ပေါင်း ဆယ်သိန်းကျော်ကို နှစ်စဉ် ပျိုးထောင်စိုက်ပျိုးထားရှိကြောင်း ဌာနမှ တာဝန်ရှိသူက ပြောသည်။

မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်ဖြစ်သည့် မန္တလေး(၆)မြို့နယ်ရှိ ပန်းဥယျာဉ်များ၊ လမ်းဘေးဝဲယာများ၊ လမ်းလယ်ကျွန်းများ၊ မြေလွတ်၊ မြေရိုင်းများတွင် အရိပ်ရပင်များနှင့် အလှပန်းပင်များကို သင့်လျော်သလို စိုက်ပျိုးရန်အတွက် ပျိုးထောင်ခြင်း ဖြစ်သည်။

"စီမံချက်ရေးဆွဲပြီး နှစ်စဉ် အရိပ်ရပင် တစ်သိန်းနဲ့ အလှပန်းပင် ဆယ်သိန်းကျော် ပျိုးထောင်စိုက်ပျိုးတဲ့လုပ်ငန်းကို ပျိုးဌာနခွဲက ဆောင်ရွက်ပါတယ်။ မိုးရာသီသစ်ပင်စိုက်ပျိုးရေး၊ လူထုအပန်းဖြေဥယျာဉ်တွေ၊ လမ်းဘေးဝဲ၊ ယာနဲ့ လမ်းလယ်ကျွန်းတွေမှာ လိုအပ်တဲ့ အပင်တွေရရှိဖို့ နှစ်စဉ် ပျိုးထောင်စိုက်ပျိုးထားပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေး(၆)မြို့နယ်အတွက် အရိပ်ရပင်များ၊ အလှပန်းပင်များ နှစ်စဉ် ပျိုးထောင်စိုက်ပျိုးရာတွင် စီမံချက်ရေးဆွဲ၍ ကော်မတီထံတင်ပြပြီး ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ အရိပ်ရပင်များမှာ ပျိုးထောင်ပြီး သုံးနှစ်ခန့်အကြာတွင် အသုံးပြုနိုင်ပြီး မိုးရာသီ၌ လိုအပ်သော နေရာများတွင် စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)



## အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**တောင်ကြီး ဇွန် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ဇွန် ၁၃ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ အခွန်မှန်မှန်ကန်ကန်ပေးဆောင်နိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သောအခွန်များ ပြည့်ပြည့်ဝဝ ရရှိစေရန်နှင့် အခွန်ထမ်းပြည်သူများ တည်ဆဲဥပဒေများကို နားလည်သဘောပေါက်စေရန်အတွက် အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးမျိုးမင်းလတ်က ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းရှင်များက ၎င်းတို့ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများနှင့် အခွန်ဆိုင်ရာ သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးခဲ့ရာ ပြည်နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ မြို့နယ်အဆင့် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဝင်များ၊ အသင်းအဖွဲ့ဥက္ကဋ္ဌများနှင့် လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၃၆၈)

## ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဆောင်ရွက်မည့် ကျေးရွာများ ရွေးချယ်ခြင်း အခမ်းအနား ကျင်းပ

**ညောင်ဦး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အဆင့်စီမံခန့်ခွဲမှုကော်မတီ (Township Planning Investment Committee) အဖွဲ့မှ စီမံကိန်းဝင်ကျေးရွာများ အတည်ပြုရွေးချယ်ခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကျင်းပသည်။

အခမ်းအနားတွင် ဦးစွာ မြို့နယ်အဆင့်စီမံခန့်ခွဲမှုကော်မတီ (Township Planning Investment Committee)အဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်တင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်း၊ လုပ်ငန်းစီမံကိန်းနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်အဆင့်စီမံခန့်ခွဲမှုကော်မတီ (Township Planning Investment Committee) အဖွဲ့ဝင်များက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ညောင်ဦးမြို့နယ်အတွင်း ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ မြို့နယ်အဆင့်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြားပြီး စီမံကိန်းဝင် ကျေးရွာများကို အတည်ပြုရွေးချယ်ခဲ့ကြသည်။

ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးရွာရှိ စိုက်ပျိုးမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်လုပ်ကိုင်နိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ယင်းစီမံကိန်း ဆောင်ရွက်ရန်အတွက် သန့်စင်ကြယ်ကျေးရွာ၊ မင်းနန်သူကျေးရွာနှင့် ရေတွင်းညောင်ပင်ကျေးရွာတို့ကို အတည်ပြုရွေးချယ်ခဲ့ကြကြောင်း ညောင်ဦးမြို့နယ်ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(၄၄၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ ။

## အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) မျိုးစပါး၊ သဘာဝမြေဩဇာနှင့် စိုက်ပျိုးစရိတ်ချီးမြှင့်ငွေများ ထောက်ပံ့

**တံတားဦး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်ပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)မှ ငလျင်ဘေးဒဏ်ထိခိုက်နစ်နာသူများအတွက် တောင်သူများအား ဧရာမင်းမျိုးစပါး၊ သဘာဝမြေဩဇာနှင့် စိုက်ပျိုးစရိတ်ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကနေဒီထွန်းက အမှာစကားပြောကြားရာတွင် ဘေးသင့်ပြည်သူများအတွက် စိုက်ပျိုးရေးလုပ်ငန်းကို ပြန်လည်ကုစားပေးခြင်းအတွက် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ယခုထောက်ပံ့ပေးသော စိုက်ပျိုးရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို မိမိတို့လယ်ယာလုပ်ငန်းတွင် အကျိုးရှိရှိ အသုံးပြုစေလိုကြောင်းနှင့် စိုက်ပျိုးရေးအတွက် လိုအပ်သည့် နည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) မှ ဦးစိုးသူလင်း တောင်သူပညာရှင်က ပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)သည် ဘက်လိုက်မှုကင်း၍ ကြားနေကာ ခွဲခြားမှုမရှိဘဲ လုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်သည့် လူသားအချင်းချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခနှင့် အခြားသော အကြမ်းဖက်မှု အခြေအနေများကြောင့် ထိခိုက်ခံစားရသူများကို လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များပေးသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ယခုမိမိတို့ကော်မတီမှ ထောက်ပံ့မှုအစီအစဉ်တွင် ရွေးချယ်ခံရသော အိမ်ထောင်စုတစ်စုလျှင် ဧရာမင်း မျိုးစပါးသုံးတင်း၊ သဘာဝမြေဩဇာ(50 kg)ပါ နှစ်အိတ်နှင့် စိုက်ပျိုးရေးအတွက် ထောက်ပံ့ငွေကျပ်သုံးသိန်းခြောက်သောင်းတို့ ဖြစ်ပါကြောင်း၊ ထိုငွေများကို ထိခိုက်ခံရသော မိသားစုများအတွက် စိုက်ပျိုးစရိတ်ထောက်ပံ့ငွေအဖြစ် သုံးစွဲရန် ရည်ရွယ်ပါကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)မှ တာဝန်ရှိသူများက စိုက်ပျိုးရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို တောင်သူများ လက်ဝယ်အရောက် အသီးသီးပေးအပ်ကြသည်။

တံတားဦးမြို့နယ်အနေဖြင့် ဘေးဒဏ်ထိခိုက်ခံစားရသည့် ကျေးရွာအုပ်စုများဖြစ်သော မီးသွေးတိုက်ကျေးရွာအုပ်စု၊ ကန်ချောကျေးရွာအုပ်စု၊ အိမ်ကန်ကျေးရွာအုပ်စု၊ မြင်းစိုင်းကျေးရွာအုပ်စု၊ သိန္နီကန်ကျေးရွာအုပ်စုနှင့် နွားခြံကြီးကုန်း ကျေးရွာအုပ်စုများမှ တောင်သူပေါင်း ၆၀၀ ဦးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၄၀၉)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုငွေများ ပေးအပ်

**ဆင်ပေါင်ဝဲ ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုငွေများ ပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီက မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ငလျင်ဘေးကျရောက်ခဲ့သော ဒေသများတွင် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခဲ့သော ဆင်ပေါင်ဝဲမြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်ငါးဦးကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးနှင့် ခရိုင်မီးသတ် ဦးစီးမှူးရုံးမှ ဂုဏ်ပြုချီးမြှင့်ငွေ တစ်ဦးလျှင် ငွေကျပ် ကိုးသောင်းအား တာဝန်ရှိသူများက လက်ဝယ်အရောက် ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပြင်ဦးလွင် ဇွန် ၁၄**

၂၀၂၅ ခုနှစ်၊ ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေ ၃နာရီက ပြင်ဦးလွင်ခရိုင် အားကစားကွင်းအတွင်းရှိ အားကစားရုံ (၁)၌ ကျင်းပပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အားကစားမှူး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ပိုက်ကျော်ခြင်းဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

အဆိုပါ ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဖလား ခရိုင်အတွင်း အသက်(၂၅)နှစ်အောက် အမျိုးသား ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း (၈)သင်းတို့ဖြင့် အင်တိုက်အားတိုက် ယှဉ်ပြိုင်ကစားခဲ့ရာ ဗိုလ်လုပွဲတွင် ဟိန်းသီတာ(အနီးစခန်း) အသင်းနှင့် M.A(က) အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ M.A(က) အသင်းမှ အနိုင်ရရှိခဲ့ပြီး တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အကောင်းဆုံးကစားသမားဆု ရရှိသူတို့အား ဆုတံဆိပ်များ၊ ဂုဏ်ပြုငွေများ၊ ဆုဖလားများကို အသီးသီး ချီးမြှင့်ခဲ့ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခန္တီးလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ခန္တီးလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြစ်သားမြို့နယ်၊ ခန္တီးလေးကျေးရွာ၌ ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် နဝမအကြိမ်မြောက်ရှိပြီဖြစ်ကာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၈ ဦးကို ရန်ပုံငွေကျပ် ၅၅ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း ခရိုင်ဦးစီးမှူးထံမှ သိရသည်။

**(အပေါ်ပုံ) (၄၄၅)**



## မန္တလေးနည်းပညာတက္ကသိုလ် (MTU)တွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

**မန္တလေး ဇွန် ၁၄**

မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ဒုတိယနှစ်ဝက်သင်တန်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်ဝက်တို့အား ဇွန် ၂ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ဘွဲ့ကြိုအင်ဂျင်နီယာနှင့်ဗိသုကာ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၁၂ ဦး၊ ဘွဲ့လွန်အင်ဂျင်နီယာနှင့်ဗိသုကာသင်တန်း ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၄ ဦးတို့သည် တက္ကသိုလ်အတွင်း အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူလျက်ရှိသည်။

အဆိုပါ တက္ကသိုလ်တွင် ဘွဲ့ကြို၊ ဘွဲ့လွန် အင်ဂျင်နီယာနှင့် ဗိသုကာသင်တန်းများအတွက် မြို့ပြအင်ဂျင်နီယာ၊ ဗိသုကာ၊ စက်မှုအင်ဂျင်နီယာ၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက် နည်းပညာ၊ မက္ကာထရောနစ်အင်ဂျင်နီယာ၊ ဓာတုအင်ဂျင်နီယာ၊ ချူကလီးယားနည်းပညာ အင်ဂျင်နီယာ၊ သတ္တုတူးဖော်ရေးအင်ဂျင်နီယာ၊ စိုက်ပျိုးရေးအင်ဂျင်နီယာ၊ ဇီဝနည်းပညာစသည့် စုစုပေါင်း မေဂျာ ၁၂ ခုဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဇာနည်ကိုကို**

၀-၀-၀-၀-၀-၀-၀

## မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ Project Management သင်တန်းဆင်းပွဲ ကျင်းပ

**မိတ္ထီလာ ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် ခရိုင်အတွင်းရှိ ဝန်ထမ်းများ စွမ်းဆောင်ရည်တိုးတက်စေရန် ဖွင့်လှစ်သည့် Project Management သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်မြင့်ဝင်းနှင့် သင်တန်းနည်းပြ ဦးဇော်မင်းစိုးတို့က သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါသင်တန်းအား ဇွန် ၉ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး မိတ္ထီလာ၊ မလှိုင်၊ သာစည်နှင့် ဝမ်းတွင်းမြို့နယ်များရှိ ဦးစီးဌာနရုံးများမှသင်တန်းသား၊သင်တန်းသူ ရှစ်ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းဖွင့်လှစ်ပို့ချခြင်းကြောင့် ဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်သော အလေ့အကျင့်ကောင်းများရရှိပြီး ဌာနလုပ်ငန်းများ( SMART DRD )အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။




**(အပေါ်ပုံ) (၄၅၃)**

## မဟာအောင်မြေမြို့နယ်၌ ကိုဗစ်ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**မန္တလေး ဇွန် ၁၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက်အတွင်း သီတင်းသုံးလျက်ရှိသည့် ဆရာတော်၊ သံဃာတော်များနှင့် မန္တလေးတက္ကသိုလ်ရှိ ဝန်ထမ်းများအား ဇွန် ၁၃ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကိုဗစ်ကာကွယ်ဆေးများ သွားရောက်ထိုးနှံပေးခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက် (၆၀)နှင့်အထက် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များသည် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူကြရန် ကျန်းမာရေး ဝန်ကြီးဌာနက မေတ္တာရပ်ခံထားကြောင်းသိရပြီး မြန်မာနိုင်ငံတွင် ကိုဗစ်ရောဂါကူးစက်မှုများ ပြန်လည်ဖြစ်ပွားလာချိန်၌ အများပြည်သူအတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးကို ပြည်သူ့ကျန်းမာရေးဌာနများတွင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ဝဲပုံ) (၀၅၆)**



## စားသုံးဆီဈေးများ သတ်မှတ်ဈေးအတိုင်း ရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**အမရပူရ ဇွန် ၁၄**

မန္တလေး၊ အမရပူရမြို့နယ်အတွင်း ပြည်သူများအား စားသုံးဆီအရောင်းဆိုင်များမှ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမှု ရှိ၊ မရှိကို ဇွန် ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲက နတ်ရေကန်ကျေးရွာ၊ မြစ်လောင်းကျေးရွာနှင့် ဇာတိုးမြို့ ပြင်ကြီးကျေးရွာတို့တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(ယာပုံ)**

အဆိုပါကွင်းဆင်းစစ်ဆေးရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတိုးဝင်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးတင့်နိုင်၊ အမရပူရမြို့နယ်စည်ပင်သာယာမှ ဒုတိယ အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်၊ စားသုံးသူရေးရာဦးစီးဌာနမှ အမရပူရ တာဝန်ခံ ဒေါ်အိအိထွေးနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများက စားသုံးဆီ အရောင်းဆိုင်များသို့ စားသုံးဆီဈေးများ သတ်မှတ်ဈေးဖြင့် ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(၀၈၄)**



# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၁၂၂)

**သွယ်အောင်**

၁၉၉၅ ခုနှစ်လကုန်မှစ၍ ကျွန်တော်၏ ကြင်ရာဖက်ဇနီးလောင်းမှာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးအောက်ရှိ မူးယစ်ဆေးဝါးစွဲသူများ ဆေးကုသရသည့် ၃၅ လမ်းပေါ်ရှိ ဆေးရုံငယ်သို့ အလုပ်ဝင်ရောက်နေပြီဖြစ်သည်။ ကျွန်တော်လည်း သူမအား ထိုဆေးရုံငယ်သို့ အလုပ်ပို့၊ အလုပ်ဆင်းကြိုဖြင့် တစ်နေ့ကို နံနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ် ပုံမှန်ရောက်ဖြစ်နေတော့သည်။

ထိုစဉ်က သူမ အလုပ်ချိန်ပြည့်သော်လည်း အလုပ်တာဝန်များ မပြီးဆုံးသေးသဖြင့် ထိုဆေးရုံဝင်းထဲရှိ သစ်ပင်ရိပ်အောက်ခုံပိုင်းလေးတွင် သူမကို ထိုင်စောင့်ရင်း ဆေးရုံဝင်းထဲမှ ကျန်းမာစပြုသောလူမမာများကို ကြည့်မိရာ ရင်ခုန်စိတ်ချောက်ချားဖွယ်ရာ မြင်ကွင်းများဟု ဆိုရပေမည်။

ထိုလူမမာများက ကျွန်တော့်အား သူတို့လိုဆေးရုံလာတက်သည့် လူမမာတစ်ဦးထင်နေ၍လားမသိ။ ခေါင်းတညိတ်ညိတ်နှင့် ပြုံးရယ်ကာ ကြည့်ကြသည်။ ကျွန်တော်လည်း ဘုမသိ၊ ဘမသိနှင့် ထိုလူများကို ပြန်ပြုံးကာ ရယ်ပြမိသည်။ အတော်ခပ်ကြောင်ကြောင်နိုင်လှသည်။

ခဏအကြာ ကျွန်တော်၏ဇနီးလောင်း ထွက်လာမှ ထိုလူများကို နှုတ်ဆက်ပြီး ကျွန်တော်၏ ဇနီးလောင်းကို စက်ဘီးပေါ်တင်ကာ မူးယစ်ဆေးဖြတ် ဆေးရုံမှအိမ်သို့ ပြန်ဖြစ်သည်။

အိမ်အပြန်လမ်းတွင် ကျွန်တော့်ဇနီးလောင်းက ကျွန်တော့်အား မေးခွန်းထုတ်တော့သည်။

"ကို..ဆေးရုံက လူမမာတွေနဲ့ အစကတည်းက သိတာလား"

"အာ...မသိပါဘူး၊ ချို့ လာကြိုမှ စသိတာပါ"ဟု ပြာပြာသလဲ ဖြေဖြစ်သည်။

"ဒါများ .. သူတို့နဲ့ ရယ်ရယ်မောမော ရင်းနှီးနေလိုက်ကြတာ၊ နောက်...အဲ့ဒီဆေးရုံမှာ ချို့ကို လာခေါ်ရင် သူတို့နဲ့ ခပ်ကင်းကင်းနေပါ၊ ကြာရင် ကိုပါ အဲ့ဒီဆေးရုံတက်နေရလိမ့်မယ်"



"ဟုတ် ကောင်းပါပြီ၊ သတိထားနေပါ့မယ်"ဟု ကတိပေးကာ နောင်မူးယစ်နှင့်စိတ်အထူးကုဆေးရုံသို့ ဇနီးလောင်းအား သွားကြိုသောအခါ ဆေးရုံဝိုင်းထဲထိ ဝင်မစောင့်တော့ဘဲ ဆေးရုံအပြင်ဘက် ၃၅လမ်းပေါ်မှ စောင့်ဖြစ်တော့သည်။

မင်္ဂလာပွဲကျင်းပရက် နီးလာလေ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ဖြစ်သလို အလုပ်သွား အလုပ်ပြန်ဖြင့် စိတ်မော၊ လူမော ဖြစ်နေသည်။ ဒီကြားထဲ ကာတွန်းများ ရေးဆွဲလိုက်၊ ကဗျာများ ရေးဖွဲ့လိုက်ဖြင့် စိတ်ပင်ပန်းခြင်းကို ဖြေဖျောက်နေမိသည်။

ညပိုင်း စာရေးစားပွဲမှာထိုင်ပြီး အမှတ်ရဖွယ် ကဗျာတစ်ပုဒ်ကို ရေးဖွဲ့ဖြစ်သည်။ ထိုနေ့က (၁၉-၉-၁၉၉၅)ရက်နေ့ ဖြစ်သည်။ ကျွန်တော်၏ ဒိုင်ယာရီစာအုပ်ထဲတွင် ချရေးဖြစ်သည့်ကဗျာမှာ "အော်ပရာ" ဆိုသည့် ကဗျာဖြစ်၏။

**အော်ပရာ**

* ဓာတ်လမ်း စပါပြီ
နာရီတွေ အရည်မပျော်ခင်ကတည်းက
အဲ့ဒီနေ့ဟာ
သေအံ့ဆဲ မိန်းမူးနေတဲ့ လူမမာလို
ဒါမှမဟုတ်
ဖျတ်လတ်ပျော်ရွှင်တဲ့လူလို
အို...ကြွေလုကြွေခင်
နေမဝင်သေးပါဘူးနော်။


* အခု...
ဒီကောင် ကြိုးတန်းပေါ်
လမ်းလျှောက်နေပြီ
ချစ်သူနဲ့ အထိတ်တလန့်
ပေါင်းဖက်ခဲ့ဖူးပြီ
ရင်ကွဲနာ ကျခဲ့ဖူးပြီ
ဒါပေမဲ့
ဒီကောင် နောင်တ မရသေးပါ။

* ဓာတ် အခင်းအကျင်း
စပါးနံ့ ရနံ့သင်းတဲ့ မြေလမ်းမပေါ်မှာ
အင်ဂျင်စက်ဖြင့် ဖြတ်သန်း
ချစ်သူရဲ့ စမ်းသပ်ခံရတဲ့ ဓာတ်ကောင်
ဒီကောင် ကိုယ်တိုင်
ဖြစ်နေပါရော့လား။

* ကောင်းကင်ပေါ်မှာ
တရှုတ်ဆွဲ ပြေးလွှားနေတဲ့
ပွစိစိ မိုးတိမ်တွေရဲ့ (အသက်ရှူသံ)
ပုံစံ မမှန်တော့ပါလား။

* ဒါဟာ...
ဒီကောင်ရဲ့ ဖျားနာမှု
အပြုစားခံခဲ့ရပြီ။

* နောက်ဆုံး ဓာတ်ဝင်ခန်း
ပန်းပွင့်၊ မုန်တိုင်း
မြင်းရိုင်း၊ အိပ်မက်
ငှက်၊ မိုးတိမ်
အိမ်၊ တောင်တန်း



လက်ထပ်ဆွမ်းကပ်မင်္ဂလာဖိတ်ကြားလွှာ

မန္တလေးမြို့၊ ၃၇-လမ်း၊ ၈၁/၈၂ လမ်းကြား လှသောင်ဝင်းရပ်နေ
ဦးလှလွင် - ဒေါ်စန်းတင် (လှပျိုမြူ ဘိနပ်) တို့၏ သားဦး
မောင်အောင်မြင့် (ခ) သွယ်အောင်
B.Sc, (Physics) 2nd year E-T-E-C (Mechanical)
[သရုပ်ပြ၊ စက်ပစ္စည်း ပြုပြင်ထိန်းသိမ်းရေး ပညာသင်ကျောင်း] .... နှင့်
မြင်းခြံမြို့၊ ၁၈/၁၃ ရပ်ကွက်နေ
(ဦးချစ်) - ဒေါ်ကြိုင်ကြိုင် (စက်မှုလက်မှု) တို့၏ သမီး
မခင်မော်ချို
B.Sc, (Zoology) Dip, in Nursing & Midwifery
[ပြည်သူ့ဆေးရုံကြီး၊ မန္တလေး] .... တို့၏
လက်ထပ်ဆွမ်းကပ်မင်္ဂလာသို့ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၂) ရက်၊ 8-11-95 ဗုဒ္ဓဟူးနေ့
အချိန်။ ။ နံနက် (၈) နာရီမှ (၁၀) နာရီထိ
နေရာ။ ။ မြင်းခြံမြို့ ၁၈/၁၃ ရပ်ကွက်၊ (ဦးချစ်) - ဒေါ်ကြိုင်ကြိုင် တို့၏ နေအိမ်

အလွမ်းများနဲ့
စာတန်းထိုးလိုက်တယ်။

* ဓာတ်ရုံထဲက အထွက်
ဒီကောင် လက်တွေအေးစက်
ကုပ်ပိုးမှာ ချွေးထွက်လို့နေတယ်။ ။

သွယ်အောင်
(မန္တလေးယဉ်ကျေးမှုဂျာနယ်)
၁၉၉၆၊ ဇွန်လ

ထို "အော်ပရာ"ကဗျာရေးအပြီး ရှစ်လလောက်အကြာ ၁၉၉၆ ဇွန်လထုတ် မန္တလေးယဉ်ကျေးမှုဂျာနယ်၏ အဖွင့်စာမျက်နှာတွင် ပုံနှိပ်ဖော်ပြပါရှိခဲ့၏။ ထိုရက်ပိုင်းမှာပဲ ကျွန်တော့်စိတ်၏ သွေးဆောင်ဖြားယောင်းမှုနောက်ကိုလိုက်ပြီး ကဗျာတစ်ပုဒ် ထပ်မံရေးဖွဲ့ဖြစ်သည်။ ထိုရက်ပိုင်းက မိဘများအိမ်တွင် နေထိုင်ရပြီး ဦးလေးဝယ်ပေးထားသော စူပါကတ် ဆီးရောင်ဟွန်ဒါဆိုင်ကယ်လေးဖြင့် အလုပ်သွား၊ အလုပ်ပြန် တစ်ခါတလေ စီးဖြစ်ကြသည်။ ထို့ကြောင့် ကျွန်တော်ရေးဖွဲ့ဖြစ်သော ကဗျာနှစ်ပုဒ်စလုံးတွင် (ဆိုင်ကယ်)ဟု တိုက်ရိုက်ကြီး ထည့်မရေးဘဲ "အင်ဂျင်စက်သံ"ဟု ရိုးတိုးရိပ်တိပ် ထည့်ဖွဲ့ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ယင်းကဗျာနှစ်ပုဒ် ရေးဖွဲ့လိုက်ရသည့်အတွက် ရင်ထဲမှာ ပေါ့ပါးသွားသည်က အမှန်ပင်။ ကဗျာမှာ "တစ်ပိုင်းတစ်စ ကိုယ်ရေးမှတ်တမ်း" ဆိုသည့် ကဗျာဖြစ်သည်။ ထိုကဗျာ နောင်ငါးနှစ်အကြာ သရဖူမဂ္ဂဇင်းတွင် ပန်းချီဆရာ ဝသုန်၏ သရုပ်ဖော်ပုံဖြင့် တခုတ်တရ ပုံနှိပ်ဖော်ပြပါရှိခဲ့လေသည်။

**တစ်ပိုင်းတစ်စ ကိုယ်ရေးမှတ်တမ်း**

* နွေဥတု တိမ်တိုက်
ညမိုက်မိုက်နဲ့ ချိုသော အနမ်း
မိုးရေဖျန်း လမ်းမ
နှလုံးသားကို ဖြတ်နင်းသွားတဲ့
အင်ဂျင်စက်သံ။

* အတောင်ပံစိတ်ကူး
ပွတ်ရှကင်ချစ်ဖူးတဲ့ နာတာလျာ
ရေမွှေးနဲ့ ရေးထားတဲ့ ရည်းစားစာ
ကွပ်ဖိနှာရီတစ်လက်ရဲ့ ပြဓာတ်
အားလုံးကို
ဖွင့်ဖတ်လိုက်တဲ့အခါ
ငါ့ ရုပ်ပုံလွှာတွေ
ဖြစ်နေတယ်။ ။

သွယ်အောင်
(သရဖူမဂ္ဂဇင်း)
၂၀၀၀ ၊ ဇွန်လ

နှစ်ဖက်မိဘ၏ သဘောတူညီချက်ဖြင့် ကျွန်တော်တို့ (၈-၁၁-၁၉၉၅) ဗုဒ္ဓဟူးနေ့တွင် လက်ထပ်ဆွမ်းကပ်မင်္ဂလာအခမ်းအနား ကျင်းပမည်ဖြစ်ပြီး (၁၇-၁၁-၁၉၉၅) သောကြာနေ့တွင် မင်္ဂလာဧည့်ခံပွဲ ကျင်းပကြဖို့ ရက်သတ်မှတ်ဖြစ်ကြသည်။

လက်ထပ်ဆွမ်းကပ်မင်္ဂလာပွဲကို ချစ်ဇနီးလောင်း၏နေအိမ် မြင်းခြံမြို့တွင်ကျင်းပပြီး မင်္ဂလာဧည့်ခံပွဲကို မန္တလေးမြို့တွင် ကျင်းပမည်ဖြစ်သဖြင့် ထိုရက်ပိုင်း မင်္ဂလာဆောင်ဖိတ်စာကိစ္စ၊ ခန်းမကိစ္စ၊ အကျွေးအမွေးကိစ္စတို့ဖြင့် အလုပ်ရှုပ်နေမိကာ ကာတွန်းရေးဆွဲခြင်း၊ ကဗျာရေးဖွဲ့ခြင်းတို့ကို လုံးဝရပ်နားထားလိုက်သည်။

ကဗျာရေးဖွဲ့ခြင်း ရပ်နားထားသည်ဟု ဆိုရသော်လည်း ကာတွန်း အောင်ချိုမြင့်က ဖိတ်စာ၏ နောက်ကျောဘက်တွင် ကဗျာပါအောင်ထည့်ဖို့ အကြံပေးသဖြင့် ကျွန်တော်လည်း **"မင်္ဂလာနေ့ မွေးဖွားခြင်း"** ကဗျာကို အပီအပြင် ရင်ဘတ်ဖြင့် ခံစားရေးဖွဲ့မိတော့သည်။



## မင်းဥဒိန်၏ 'စစ်ကိုင်း'စာအုပ် ထွက်ရှိ

စာရေးဆရာ မင်းဥဒိန်၏ 'စစ်ကိုင်း'စာအုပ် ထွက်ရှိလာသည်။ မျက်နှာဖုံးပန်းချီ ညို ဆဏ်း၊ အတွင်းပန်းချီ တွတ်တွတ်၊ မာယုသာ၊ အတွင်း(ခတ်ပုံ) အောင်နိုင်ထွန်း၊ စာအုပ်အပြင်အဆင် အောင်ချမ်းပြည့် (ကွန်ပျူတာ)တို့ ဖြစ်သည်။

စစ်ကိုင်းဟူသည်၊ သမိုင်းဝင်စေတီပုထိုးများ၊ ဓမ္မယာမြေက သိမ်ကျောင်း၊ စာသင်တိုက်၊ မင်းကွန်းမြေကို လေ့လာခြင်း၊ ဓမ္မယာမြေမှ နံရံပန်းချီများ၊ စစ်ကိုင်းနွယ်ဖွား စာပေပညာရှင်များနှင့် အနုပညာရှင်များ၊ ရတနာပုံခေတ် အမွေအနှစ်များ၊ စစ်ကိုင်းတံတားရဲ့ သမိုင်းစကား၊ စစ်ကိုင်းမြို့က ရွှေစိမ်း၊ စစ်ကိုင်းမြို့က လက်မှုလုပ်ငန်းများ၊ လူမှုရေးအသင်းအဖွဲ့များ စသည်ဖြင့် အခန်း(၁၁)ခန်းဖြင့် ထုတ်ဝေထားသည့်အပြင် နောက်ဆက်တွဲများလည်း ပါဝင်သည်။



ပထမအကြိမ်ထုတ်ဝေခြင်းဖြစ်ပြီး စစ်ကိုင်းသမိုင်းကြောင်းနှင့်ပတ်သက်၍ အသေးစိတ်ရေးသားဖော်ပြထားပြီး ဖတ်ရှုသင့်သော စာအုပ်ဖြစ်သည်။ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့များရှိ စာအုပ်ဆိုင်များတွင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (ဓါတ်ပုံ) (ဝ၄ဝ)



## ပျော်ဘွယ်မြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး (Pfizer)ထိုးနှံပေး

**ပျော်ဘွယ် ဇွန် ၁၄**

ပျော်ဘွယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(Pfizer) ထိုးနှံခြင်းကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဌာနဆိုင်ရာရုံးများသို့ သွားရောက်၍ ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြသည်။

ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှဲ့လှဲ့အောင်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရခြင်း၏ ရည်ရွယ်ချက်များ၊ ရောဂါကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြသည်။

ထို့အပြင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာ နယ်မြေအလိုက် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး တစ်ကြိမ်မျှ မထိုးရသေးသူများ၊ ယခင်ထိုးနှံခဲ့ပြီး ခြောက်လကျော်လွန်သည့် နိုင်ငံ့ဝန်ထမ်းများ၊ အသက် ၆၀ နှစ်အထက်ပြည်သူများ၊ အသက် ၅၀ နှစ်အထက် နာတာရှည်ရောဂါခံစားနေရသူများ၊ ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်ရှိသည့် မိခင်လောင်းများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)

## လူထုအခြေပြုဗဟိုဌာန၌ မူကြိုအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မိတ္ထီလာ ဇွန် ၁၄**

မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မူကြိုအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါပြိုင်ပွဲ မကျင်းပမီ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေ မြတ်သင်းကြိုင်က ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း(မိတ္ထီလာ)မှ မူကြိုကျောင်းသူ၊ ကျောင်းသား ၁၁ ဦးက စိတ်ကြိုက် ကလေးကဗျာများ ရွတ်ဆိုပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဝင်များ၏ ပါဝင်ယှဉ်ပြိုင်မှု အခြေအနေကို မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး စာရေးဆရာ ကြည်သိန်းဇော်က သုံးသပ်ပြောကြားပြီး ဆုချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင် မူကြိုကျောင်းသူ၊ ကျောင်းသားများအား ဂုဏ်ပြုဆုကလာပ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



(အပေါ်ဓါတ်ပုံ) (၄၅၃)




ဖတ်စရာ၊ မှတ်စရာ
စုံလင်
ပန်းတနော်ဂျာနယ်

## ကျောင်းဖွင့်ချိန်

* အကိုရီလေးက အဖြူရောင်ပါ
ဖြူစင်ရိုးသား ချစ်စရာ
အစိမ်းရောင်လေးက လုံချည်ကွဲ့
စိမ်းစိုအေးမြ လန်းဆန်းလျက်
စိန်ပန်းပွင့်တို့ ပွင့်ပါပြီ
အရောင်ရဲရဲနီ
ကြည်ပြာအရောင် စိန်ပန်းမျိုး
ကျောင်းဝင်းထဲမှာ အလှတိုး
ဝသန်မိုးလ ချိန်ခါမီ
ကံ့ကော်ပန်းတို့ စီအရီ
နယုန်မိုးသေး မြက်သားမွေး
ကျောင်းဖွင့်ချိန်ခါ ရောက်ပြီပေး
ကျောင်းသွားကြစို့လေး ။ ။

ဟာမိုနီ

## ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ။

## စာဖတ်ရှိန်မြှင့်တင်ရေး Mobile Library စနစ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေး

**မိုင်းခတ် ဇွန် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းနှင့် စာအုပ်များ အသစ်လဲလှယ်ပေးခြင်းကို အပတ်စဉ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ ရက် နံနက် ၁၀ နာရီခွဲက မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ စာဖတ်ပရိသတ်များထံ စာအုပ်များ ငှားရမ်းပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက စာကြည့်တိုက်သို့ လာရောက်ငှားရမ်းရန် အခက်အခဲရှိသည့် စာဖတ်ပရိသတ်များအတွက် စာပေဖတ်ရှုမှု အဆင်ပြေစေရန်နှင့် အသိပညာ ဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ သုတ၊ ရသ စာအုပ်များကို ငှားရမ်းပေးလျက်ရှိရာ Mobile Library စနစ်ဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများအား စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းနှင့် အသစ်လဲလှယ်ပေးခြင်းတို့ကို အပတ်စဉ် သောကြာနေ့တိုင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## ၂၀၂၅ ခုနှစ် အော်စကာဆုအတွက် Sinners ကို မျှော်မှန်းထား




၂၀၂၅ ခုနှစ်အတွက် အော်စကာဆု ရရှိရန် Sinners ဇာတ်ကား၏ ဒါရိုက်တာ ကူဂလာကို မျှော်မှန်းထားကြကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒါရိုက်တာကူဂလာသည် Creed နှင့် Rocky ဇာတ်လမ်းကို ပြန်လည်အသက်သွင်းကာ ဘလက်ပန်သာနှင့် ယဉ်ကျေးမှုများကို ချပြပြီး လူမည်းများ၏ ဆွဲဆောင်မှု ရှိသည့်ပုံစံကို ချပြခဲ့သူဖြစ်ကာ Sinners တွင်လည်း အောင်မြင်မှုရရှိထားပြီး ဟော်ရာရုပ်ရှင်အလေးပေးလျှင် အကောင်းဆုံးဒါရိုက်တာဆု စာရင်းဝင်ဖြစ်နိုင်မည်ဟု မှတ်ချက်ပေးထားကြသည်။

အော်စကာဆုပေးပွဲတွင် Horror ရုပ်ရှင်များကို အလေးမထားခဲ့၍ ၁၉၆၀ Psycho၊ ၁၉၆၈ Rosemary's Baby တို့နှင့် လွဲခဲ့ပြီး ၁၉၉၁ Silence of the Lambs မှာ အကောင်းဆုံးရုပ်ရှင်ဆု၊ ၂၀၁၇ Get Out တွင် ဇာတ်ညွှန်းဆုတို့ကို ရရှိခဲ့ဖူးသည်။

ဒါရိုက်တာကူဂလာ၏ လက်စွဲတော် မင်းသား မီရှယ်ဘီက နှစ်ကိုယ်ခွဲအမြွှာညီအစ်ကိုအဖြစ် ထူးခြားသော သရုပ်ဆောင်မှုကို ထိုဇာတ်ကားတွင် ချပြနိုင်၍ အော်စကာစာရင်းဝင်နိုင်ကြောင်း မှတ်ချက်ပေးထားကြသည်။ **(SKY)**



## အထူးဆန်းဆုံး ဂြိုဟ်စနစ်တစ်ခုကို ရှာဖွေတွေ့ရှိ

ယခုအချိန်အထိ တွေ့မြင်ဖူးသမျှထဲမှာ အထူးဆန်းဆုံး ဂြိုဟ်စနစ်တစ်ခုကို အမေရိကန်နက္ခတ္တဗေဒပညာရှင်များ မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့သည်။ 2M -1510 ဟု အမည်ပေးထားသော ယင်းစနစ်တွင် ကြယ်ညီနှစ်စင်းတို့၏ ဝင်ရိုးစွန်းများအထက် လှည့်ပတ်နေသည့် ဂြိုဟ်တစ်စင်း ပါဝင်နေပုံရသည်။

ကြယ်ညိုများသည် ဂြိုဟ်များထက် လေးသော်လည်း ကြယ်များကဲ့သို့ လောင်ကျွမ်းနိုင်လောက်အောင် ဒြပ်ထု မကြီးမားသည့် ဆန်းကျယ်သော အာကာသအရာဝတ္ထုများဖြစ်သည်။ ထိုကြယ်ညိုနှစ်စင်းသည် တစ်စင်းနှင့်တစ်စင်း နီးကပ်စွာ လှည့်ပတ်နေစဉ် တတိယကြယ်ညိုတစ်စင်းမှာ ပို၍ဝေးရာမှ ၎င်းတို့ကို လှည့်ပတ်နေလေသည်။

နေအဖွဲ့အစည်းအပါအဝင် ကြယ်စနစ်အများစုတွင် ဂြိုဟ်များသည် မိမိတို့မိခင်ကြယ်၏ အီကွေတာနှင့် တူညီသော ပြားချပ်သည့်လမ်းကြောင်းအတိုင်း လှည့်ပတ်လေ့ရှိသော်လည်း အဆိုပါစနစ်မှာမူ ထူးခြားစွာဆန့်ကျင်ကွဲပြားနေကြောင်း သိရသည်။ **(SCI)**

## အိန္ဒိယရာဇဝင်ဇာတ်ကား Chhaava ဝင်ငွေများစွာ ရရှိထား

အိန္ဒိယရာဇဝင်ဇာတ်ကား Chhaava မှာ ၂၀၂၅ ခုနှစ်တွင် ထွက်ရှိထားပြီး ဘတ်ဂျက်ရူပီးသန်း ၄၄၀၀ သုံးပြီး ရူပီးသန်း ၈၀၀၀ နှင့် IMDb 7.7 ရရှိကာ ဝင်ငွေများစွာရရှိထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လက်ရှိ ထွက်ရှိထားသည့် ဇာတ်ကားများတွင် ဝင်ငွေအကောင်းဆုံးဖြစ်ကာ မင်းသားဗစ်ကီနှင့် မင်းသမီး ရာရှ်မီကာတို့ အဓိကပါဝင်ထားကြသည်။

ကမ္ဘာကြီး၏ တခြားဘက်ခြမ်းတွင် လူသားများ အသက်ရှင်ရန် တိုက်ခိုက်နေချိန် အိန္ဒိယ၌ ဘာသာပေါင်းစုံ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်သည့် ယဉ်ကျေးမှုတစ်ရပ် ထွန်းကားပုံကို ၁၆ရာစု ပါနီပတ်တိုက်ပွဲအပြီး ငြိမ်းချမ်းရေးပျက်သုဉ်း၍ ရာစုနှစ်နှင့်ချီပြီး မူဂယ်အင်ပါယာကို အမှောင်ခေတ်တွင် ရှင်သန်နေထိုင်ကြရပုံနှင့် မင်းကောင်းမင်းမြတ်တစ်ပါး ပေါ်ထွက်လာပုံတို့ကို သူရဲကောင်း Chhaava အမည်နှင့် ရိုက်ကူးတင်ပြထားသည်။

အိန္ဒိယရာဇဝင်ဇာတ်ကား မူဂယ်အင်ပါယာကို ပြန်လည်တိုက်ခိုက်မည့် သူရဲကောင်းအကြောင်းဖြစ်၍ ပရိသတ်အားပေးမှုမြင့်မားစွာ ရရှိထားသည်။ **(SKY)**




## Red Velvet မှ Yeri က Blitzway အင်တာတိန်းမင့်နှင့် လက်တွဲ



ကေပေါ့ပ်ရက်ဗဲလင့်အဖွဲ့ဝင် ရီယီသည် အက်စ်အမ်အင်တာတိန်းမင့်နှင့် လမ်းခွဲပြီးနောက် ဘီလစ်ဇ်ဝေး အင်တာတိန်းမင့်နှင့် လက်တွဲခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရီယီက ကာလရှည်ကြာ လက်တွဲခဲ့သည့် အက်စ်အမ်နှင့်လမ်းခွဲ၍ ဘီလစ်ဇ်ဝေး အင်တာတိန်းမင့်တွင် သရုပ်ဆောင်အဖြစ် လက်မှတ်ထိုးခဲ့ကာ လက်တွဲခွင့်ရသည်ကို ဂုဏ်ယူကြောင်း၊ သူ၏အနုပညာလှုပ်ရှားမှုများကို အတတ်နိုင်ဆုံးလုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ဘီလစ်ဇ်ဝေးက ထုတ်ပြန်ကြေညာထားသည်။

အဆိုပါ ဘီလစ်ဇ်ဝေး အင်တာတိန်းမင့်တွင် အနုပညာရှင် ဂိုဒူရှင်၊ ဂျီဂျီဟွန်း၊ အင်ကိုဂျင်း၊ ဂျောင်ရီဝမ်၊ ဆိုရီဟွမ်၊ မွန်ချေဝမ်၊ ချူဂူဟီး၊ ပတ်ဟာဆန်၊ ယွန်ပတ်ခ်၊ ဝူဒိုဟွမ်၊ ကွမ်ဒေါင်ယွန် စသည့် အနုပညာရှင်များနှင့် လက်တွဲထားကာ ရီယီလည်း ပါဝင်လာခြင်းဖြစ်သည်။ **(SKY)**

## Twice မှ Nayeon က Trick Code Show တွင် ပါဝင်

တွိုက်စ်အဖွဲ့ဝင် နာယွန်သည် ပတ်ဟွမ်ဆစ်နှင့်အတူ Trick Code Show တွင် ပါဝင်ခဲ့ပြီး အရင်းနှီးချင်ဆုံး အနုပညာရှင်ကို ပြောကြားသွားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရသစုံ အစီအစဉ်ရှိုးပွဲတွင် ဧည့်သည်တော်အဖြစ် ပါဝင်ခဲ့သော နာယွန်က အရင်းနှီးဆုံးအနုပညာရှင်ဖြစ်ချင်သူမှာ ဘီတီအက်စ်မှ ဗွီ(ခေါ်)ကင်ထယ်ယောင်း ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

နာယွန်က ဗွီသည် အာရှကြယ်ပွင့်များကြား အဆင့်အမြင့်ဆုံးဖြစ်ပြီး ကမ္ဘာ့ဩဇာအရှိဆုံး ထိပ်တန်းဩဇာလွှမ်းမိုးနိုင်သူများတွင် အဆင့် ငါး၊ အမေရိကန်ဩဇာလွှမ်းမိုးသူများတွင် အဆင့် ငါး၊ ယူကေတွင် အဆင့်တစ်နှင့် ကမ္ဘာတစ်ဝန်း အာရှကြယ်ပွင့်အဖြစ် ရပ်တည်နေသူဖြစ်၍ ခင်မင်ရင်းနှီးချင်သည်ဟု ပြောကြားခဲ့သည်။

တွိုက်စ်အဖွဲ့ဝင်များ၏ ဂီတအယ်လ်ဘမ်သစ် ထွက်ရှိလာမည်ဖြစ်၍ နာယွန်အပါအဝင် အဖွဲ့ဝင်များက စီစဉ်နေကြပြီဖြစ်သည်။

**(SKY)**



## Song Hye Kyo က ငွေကြေး ခက်ခဲနေသော ကျောင်းသားတစ်ဦးကို ပညာသင်ဆု သီးသန့်ပေးအပ်

ကိုရီးယားထိပ်တန်းအနုပညာရှင် ဆောင်းဟေကိုသည် လူမှုရေးတာဝန်များကို ဦးစားပေးသူတစ်ဦးဖြစ်ခဲ့ပြီး ပညာသင်ဆုကို သီးသန့်ပေးအပ်ခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဆောင်းဟေကိုသည် လွန်ခဲ့သော နှစ် ၂၀ ခန့်က ကြော်ငြာရိုက်ကူးနေစဉ် ငွေကြေးခက်နေသော ကျောင်းသားတစ်ဦးကို ပညာသင်ဆုပေးအပ်ခဲ့ရာတွင် အများရှေ့ချပြလျှင် ကျောင်းသားလေး စိတ်ထိခိုက်နိုင်ကြောင်း၊ စိတ်ခံစားမှုနုနယ်သည့် အရွယ်ဖြစ်၍ ပညာသင်ဆုကို သီးသန့်ပေးအပ်ဟု မှတ်ချက်ပေးသူတစ်ဦးက ဖော်ပြထားသည်။

ဆောင်းဟေကိုက ကြော်ငြာမှ ရရှိသော အကျိုးအမြတ်ထက် လူသားချင်းစာနာမှုကို ဦးစားပေးသူဖြစ်ကြောင်း ဆက်လက်၍ ဖော်ပြထားသည်။**(SKY)**

## ညို့မှာတတ်ပြင်း မျက်ဝန်းပိုင်ရှင် Megan Fox



မင်းသမီး မီဂန်ဖောက်စ်သည် ညို့မှာတတ်ပြင်းသည့် မျက်ဝန်းတစ်စုံနှင့် လှပကြော့ရှင်းသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားရာ ပရိသတ်ကြား Transformers ရုပ်ရှင်များနှင့် ဖွဲလမ်းခဲ့ရသူဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လက်ရှိ မီဂန်ဖောက်စ်သည် အသက် ၃၉ နှစ်နှင့် သမီးတစ်ဦး မွေးဖွားထားကာ ၂၀၂၄ ခုနှစ် Subservience ရုပ်ရှင်တွင် စက်ရုပ်မအဖြစ် ပါဝင်ထားသည်။

ပရိတ်သတ်ကြား Transformers, Jennifer's Body တို့နှင့် ပရိသတ်အားပေးမှုရရှိထားရာ ၂၀၂၅ ခုနှစ်တွင် AI စက်ရုပ်တစ်ရုပ်အဖြစ် မြင်တွေ့ရ၍ ပရိသတ်အားပေးမှု မြင့်မားစွာ ရရှိခဲ့သည်။

မီဂန်ဖောက်စ်၏ တစ်သားမွေး တစ်သွေးလှ အလှအပနှင့် ညို့မှာတတ်ပြင်းသည့် သူမ၏ မျက်ဝန်းအစုံကို ပရိသတ်များ စွဲမက်နေကြဆဲဖြစ်သည်။ **(SKY)**

## မိုးစပါးစိုက်ပျိုးမည့် သမဝါယမ အသင်းသားတောင်သူများအား အထွက်တိုးစပါးမျိုးစေ့နှင့် သွင်းအားစုများပေးအပ်ပွဲ ကျင်းပ



**အမရပူရ ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်အတွင်းရှိ အခြေခံ သမဝါယမအသင်း သုံးသင်းမှ အသင်းသားတောင်သူ ၅၄ ဦး၊ စိုက်ဧက ၃၅၆ အတွက် မြို့နယ် သမဝါယမအသင်းစု ပံ့ပိုးငွေဖြင့် အထွက်တိုးစပါးမျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနား ကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက ဂျိုကျေးရွာ စိုက်/ထွေ သမဝါယမအသင်းဥက္ကဋ္ဌနေအိမ်တွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်း ဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးက အမှာစကားပြောကြားပြီး အသင်းသား တောင်သူများကို အထွက်တိုးစပါးမျိုးစေ့နှင့် သွင်းအားစုများကို ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီး သမဝါယမဦးစီး ဌာန ညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင်၊ အမရပူရမြို့နယ် ဆည်မြောင်းနှင့် ရေသုံးစွဲမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဇော်ဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီတာအေး၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်လေးနှင့် ဝန်ထမ်းများ၊ မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် အမှုဆောင်များ၊ အသင်းသား တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ခဲပုံ)

(ဝဇေ)

## ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျိုင်းတုံ ဇွန် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ကမ္ဘာ့ကလေး အလုပ်သမား ဆန့်ကျင်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ် (၇)အခြေခံပညာအထက်တန်း ကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းရွှေအောင်နှင့် ဒုတိယဦးစီးမှူး ဒေါ်သီသီဝင်းတို့က ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေး အလုပ်သမား၏ အသက်အရွယ်၊ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် ရည်မှန်းချက်များအား အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီမှ တာဝန်ခံထုတ်ဝေသည့် ချယ်ရီမြေ လက်ကမ်းစာစောင်များကို ကျောင်းသား၊ကျောင်းသူများထံသို့ ဖြန့်ဝေပေးခဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ ပြသပေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*-*



## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ခြင်စားငါး(ဒေါင်းငါး)များ စိုက်ထည့်

**ဟုမ္မလင်း ဇွန် ၁၄**


စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့ ငါးလုပ်ငန်းဦးစီး ဌာနရုံးတွင် ဇွန် ၁၂ ရက် မွန်းလွဲပိုင်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ခြင်စားငါး(ဒေါင်းငါး)များ စိုက်ထည့် ပေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ဒေါ်မိုးသူဇာမောင်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ခြင်စားငါး (ဒေါင်းငါး)များ ပေးအပ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဦးစီးဌာနမှူးက ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ရန်နိုင်ဆွေထံ ခြင်စားငါး(ဒေါင်းငါး)များ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဟုမ္မလင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က မြို့နယ်ပညာရေးမှူးထံ ခြင်စားငါး(ဒေါင်းငါး)များ ပေးအပ်ပြီး ဟုမ္မလင်းမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းလင်းက အ·လ·က(၃) ကျောင်းအုပ်ကြီးထံ ခြင်စားငါးများ ပေးအပ်ပြီး ဟုမ္မလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်လှိုင်က အ·မ·က(၆) ကျောင်းအုပ်ကြီးထံသို့ ခြင်စားငါး (ဒေါင်းငါး)များ ပေးအပ်ကြသည်။ (အပေါ်ပုံ)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ခြင်စားငါး (ဒေါင်းငါး)ကောင်ရေ ၂၀၀၀ အား ဖြန့်ဝေပေးခဲ့ပြီး ဟုမ္မလင်းမြို့နယ် လုံးဆိုင်ရာ ပရိယတ္တိစာသင်တိုက်ရှိ ရေကန်များတွင် ခြင်စားငါး (ဒေါင်းငါး)များကို တာဝန်ရှိသူများက သွားရောက်စိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။(၃၉၄)

## ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးသီးနှံစုံဧက တစ်သောင်းကျော် စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံဧက တစ်သောင်းကျော် အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။ (အပေါ်ပုံ)

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးသီးနှံစုံ စိုက်ဧက ၁၄၀၃၄၅ စိုက်ပျိုးရန် လျာထားပြီး သတ်မှတ်စိုက်ဧက ပြည့်မီစေရန်အတွက် ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သီးနှံစုံစိုက်ဧက တစ်သောင်းကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း မိုးသီးနှံစုံ စိုက်ဧက ၁၄၀၃၄၅ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ပြီး ဒီနေ့ထိ သီးနှံစုံစိုက်ဧက ၁၃၉၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သီးနှံအလိုက် သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးကြရန်နဲ့ တိုးချဲ့စိုက်ပျိုးကြဖို့ တောင်သူတွေကို အသိပညာပေးခြင်း၊ လိုအပ်သောစိုက်ပျိုးရေး နည်းပညာ၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေသခံတောင်သူများက မိုးသီးနှံများကို ကြိုးပမ်းစိုက်ပျိုးလျက်ရှိပြီး ယနေ့အထိ ဖူးစားပြောင်း ၄၁၃ ဧက၊ မိုးပဲတီစိမ်း ၆၂၃၉ ဧက၊ ဆီထွက်သီးနှံ ၃၁၁၆ ဧက၊ ကြံ ရှစ်ဧက၊ ထန်း ၂၂၂ ဧက၊ ကွမ်း ၅၂ ဧက၊ အခြား စားသုံးသီးပင် ၂၅၉၅ ဧက၊ ပရဆေး ၂၅၇ ဧက၊ ကျွဲ၊နွားတိရစ္ဆာန်အစာပင် ၃၇၇ ဧက၊ စားသုံးခြင်းမပြုသီးနှံ ၆၁၅ ဧက၊ အထွေထွေစားသုံးသီးနှံ ၄၆ ဧက၊ စုစုပေါင်း မိုးသီးနှံစုံဧက ၁၃၉၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

တောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးရာတွင် အရည်အသွေးနှင့် အထွက်နှုန်းများ ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသအတွင်း စားသုံးမှုကိုဖူလုံစေမည့်အပြင် ပိုလျှံသောသီးနှံများကို ရောင်းချနိုင်သဖြင့် ဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဒေသမရွေး သီးနှံများကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

(၄၄၅)

## ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနိုင်ရေး စာဖြေဌာနများ ပြင်ဆင်ဆောင်ရွက်ထားရှိ

**ကျောက်ဆည် ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် မန္တလေးငလျင်ကြီးကြောင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ ပြန်လည်ကျင်းပမည် ဖြစ်ရာ ကျောင်းသား၊ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပြန်လည်ဖြေဆိုနိုင်ရေးအတွက် စာမေးပွဲဖြေဆိုမည့်စာဖြေဌာနများ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ကျောက်ဆည်မြို့နယ်၌ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို ပြန်လည်ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ ဖြေဆိုနိုင်စေရေးအတွက် အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)၊ မင်းစုနှင့် သံရွာ အခြေခံပညာအထက်တန်းကျောင်းများတွင် စာဖြေဌာနငါးခု ဆောင်ရွက်ထားရှိပြီး တက္ကသိုလ်ဝင် စာမေးပွဲကို ၂၀၂၅ ခုနှစ် ဇွန် ၁၆ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အောင်ပိုင်ပိုင်ကျော်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၄**

အကြမ်းဖက်အုပ်စု အဖြစ် ကြေညာထားသည့် CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Kyaw Thu" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၁၂) ရပ်ကွက်နေ ကျော်သူဌေးအား မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## (၁၂.၆.၂၀၂၅)၏ မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ(၂၀)ပါ ဒေါ်ခင်သိန်းငွေးနှင့် ၄င်း၏ရှေ့နေ ဦးနိုင်ဦး(ခ)ဦးအောင်နိုင်ဦး (အထက်တန်းရှေ့နေ)၊ ဒေါ်ခင်ဆွေဝင်း(တရားလွှတ်တော်ရှေ့နေ)နှင့် ဒေါ်နွယ်နွယ်အောင် (တရားလွှတ်တော်ရှေ့နေ)တို့၏ အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ဖြေရှင်းကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၃)၊ ဦးပိုင်အမှတ် (၅၁-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးကျော်လှိုင် အမည်ဖြင့် ရရှိထားသော စလစ်အမည်ပေါက်မြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်အတူ အကွက်အမှတ်(ဖ-၁၃)၊ ဦးပိုင်အမှတ် (၆၀-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၄)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးတင်ညို (ဘ)ဦးလှမောင် တောဂရန်အမှုတွဲအမှတ်(၁၅၆၀/၉၁-၉၂)အရ နှစ်(၃၀) အမည်ပေါက်(ဂရန်)မြေကွက်များကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းအေး(ဘ) ဦးတင်ဖေ(၅/အတန(နိုင်)၀၀၀၄၉၅)ကိုင်ဆောင်သူမှ လွန်ခဲ့သော(၂)နှစ်ကျော်ခန့်က အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်များဖြစ်ပါသည်။

အထက်ပါမြေကွက်များ၏ ပိုင်ဆိုင်မှု ဂရန်မူရင်းစာရွက်စာတမ်းများနှင့် အဆက်ဆက်စာချုပ်တို့မှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းအေး၏ လက်ဝယ်တွင် ပိုင်ရေးပိုင်ခွင့်ရရှိထားသူဖြစ်ပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားသော မြေကွက်များဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းတို့ကြေညာထားသည့် (၁၂-၆-၂၀၂၅)ရက်စွဲပါ စာမျက်နှာ(၂၀)၏ အများသိစေရန် ကြေညာချက်မှာ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ (ဖ-၁၃)၊ ဦးပိုင်(၆၀-ခ)၏ မြေကွက်နှင့် မြေကွက်၏ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ လူကြီးမင်း ဒေါ်ခင်သိန်းငွေးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း၊ ပိုင်ရေးပိုင်ခွင့်များနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာ ဝင်ရောက်ပြောဆိုနှောင့်ယှက်၍ မရပါကြောင်း ဤကြေညာချက်ဖြင့် အများသိစေရန် ပြန်လည်ဖြေရှင်းရခြင်းဖြစ်ပါသည်။

**ဒေါ်စန်းစန်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်ယဉ်မေ(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**ဗ–၄/၁၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉–၄၀၀၄၆၉၁၈၈၊ ၀၉–၇၉၄၉၉၄၁၂၃**

## ပျောက်ဆုံးကြောင်း

မောင်ခွမ်ရှင်းချိန်(ဘ)ဦးခေါ်နကျားစုန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မဆတ(နိုင်)၀၇၇၅၆၃)ကိုင်ဆောင်သူ၏ Passport No MF 010649 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**မောင်ခွမ်ရှင်းချိန် ဖုန်း ၀၉–၆၆၃၄၅၅၈၈၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၂)၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ မြေကွက်သည် ဦးအုန်းကြွယ်(ဘ) ဦးအေးလှိုင်(၁၂/ကတတ(နိုင်)၀၁၉၉၇၈)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်လွင်မော်(ဘ) ဦးဘမော်(၅/ခတန(နိုင်) ၀၀၀၀၈၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးသန်းရွှေ B.A (Hist), H.G.P**
**အထက်တန်းရှေ့နေ**
**၅၃ လမ်း ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊**
**ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၅၁၄၀၄၇၈**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၃၃)၊ ဦးပိုင်အမှတ်(၁၉+၂၀-ခ+၂၁-ဃ+၂၂-ဃ+၂၃-ဈ+၃၁-ခ)၊ ၈၃ လမ်းနှင့် ၈၄ လမ်းကြား၊ ၃၇ လမ်းနှင့် ၃၈လမ်းကြားရှိ ဦးအောင်သိန်း၊ ဒေါ်တင်အေး၊ ဒေါ်ကြူကြူ၊ ဦးအေးကို၊ ဒေါ်ခင်ခင်ပြုံးတို့ ၅ဦး အမည်ပေါက် ဘိုးဘမြေကွက်အား (ဖခင်)ဦးအောင်သိန်း၊(မိခင်)ဒေါ်တင်အေး၊ (သမီး)ဒေါ်ကြူကြူနှင့် (ခင်ပွန်း)ဦးစိုးမြင့်တို့ ကွယ်လွန်၍ ကျန်ရစ်သူ သား၊ သမီး၊ မြေးများဖြစ်ကြသော ဦးအေးကို(၉/မရတ(နိုင်)၁၀၁၇၈၈)၊ ဒေါ်ခင်ခင်ပြုံး(၉/မရတ(နိုင်)၀၆၁၂၃၀)၊ ဦးဟန်ထွန်းအောင်(၉/မရတ(နိုင်)၁၁၅၅၃၁)၊ ဦးမျိုးဟန်ထွဋ်(၉/မရတ(နိုင်)၁၁၅၉၇၂)တို့က ဦးပိုင်ခွဲမိန့်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် ခွဲစင်းပြအရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၄၄)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀. ၀၃၁၂)ဧကအကျယ်အဝန်းရှိ ဦးရွှေ အမည်ပေါက် အခလွတ်ဂရန်မြေကွက်၊ သွယ်တန်းတပ်ဆင်ထားသည့် (ရေ+မီး)၊ ဝင်းခြံအကာအရံအပါအဝင်တို့အား အမွေဆက်ခံပိုင်ဆိုင်ထားပြီး လက်ဝယ်ရှိကာ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ မြေးများဖြစ်သည့် ဒေါ်လှစိန်၊ ဦးအုန်းမောင်၊ ဒေါ်တင်လှ၊ ဒေါ်တုပ်တုပ်နှင့် မြစ်များဖြစ်သည့် ဒေါ်ချိုမာဦး၊ ဒေါ်စန်းစန်းအေး၊ ဒေါ်တင်မိုးခိုင်၊ ဦးကျော်ကျော်ငြိမ်း၊ ဒေါ်ကေသွယ်မိုး၊ ဦးဝင်းမောင်၊ ဒေါ်ဇင်မာထွေး၊ ဒေါ်ဥမ္မာလွင်၊ ဦးရန်နိုင်ထွေး၊ ဦးထွန်းထွန်းမင်းတို့ထံမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်က ရောင်းကြေးစရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ကျွန်ုပ်မှ တရားဝင်ပိုင်ဆိုင်ခွင့်အခွင့်အရေး အပြည့်အဝရရှိစေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်သီတာဦး
LL.B., LL.M., Dip : in Business Law
တရားလွှတ်တော်ရှေ့နေ(စဉ်–၇၉၂၃)
အမှတ်( F-4 )၊ ဒုတိယထပ်၊ ရတနာတိုင်းပြည်အိမ်ရာ၊ လမ်း ၆၀ နှင့် ၆၂ လမ်းကြား၊
၃၀ လမ်းနှင့် ၃၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉ - ၂၀၅၁၁၅၇

## “အများသိစေရန်ကြေညာခြင်း”

**မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၄၁၃-က/အပိုင်း-၃)၊ ဦးပိုင်အမှတ်(၆+၇)၊ ဧရိယာ(၀. ၀၂၂၉+၀. ၀၃၄၄)ဧက** အကျယ်အဝန်းရှိ ဂရန်မြေကွက်များနှင့် မြေကွက်များပေါ်ရှိ အုတ်ထရံကာသွပ်မိုး(၂)ထပ် အဆောက်အဦးရေ+မီး အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်များအားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၀၂၂/၂၀၂၂)အရ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးလျှယုံဖူ(ဘ)ဦးလီှုဟန်းချော(၁၃/ကလတ(နိုင်)၀၁၈၂၇၉)** ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ဦးဇော်မင်းဦး BA (Myan) E.T.Ec (Civil)
စာချုပ်စာတမ်းနှင့် မြေယာအကျိုးဆောင်
၀၉-၂၀၁၄၉၄၈ ၊ ၀၉-၄၄၄၀၃၅၆၃၄
၆၉လမ်း၊ ၃၈×၃၉-လမ်းကြား၊
မဟာမြိုင် (၁)ရပ်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊

ဒေါ်ငွေလှိုင်ထွန်း (LL.B)
အထက်တန်းရှေ့နေ (စဉ် ၅၃၂၇၄/၂၀၂၀)

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၄)၊ ဦးပိုင်နံပါတ်(၃၂)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၄၀ × ပေ ၆၀)အကျယ်အဝန်းရှိ ဦးတင်မောင်ရီ အမည်ပေါက် ဂရန်မြေကွက်၏အရှေ့ဘက်ခြမ်း(ပေ ၂၀ × ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရီခီရမ်း(ဘ)ဦးဘို(ချ်)ရာ(ချ်)(၁၃/တကန(ဧည့်)၀၀၀၄၅၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| | **ဦးတင်အောင်မိုး LL.B, LL.M**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် LL.B, LL.M**<br>**တရားလွှတ်တော်ရှေ့နေ** | |
| **ဒေါ်ယုသစင်အောင် LL.M**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အေးနန္ဒာထွန်း LL.B**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်မာလာခိုး LL.B**<br>**အထက်တန်းရှေ့နေ** | **ဒေါ်ဖူးသန့်မွန် LL.B**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အကွက်အမှတ်(ဖဖ–၂)၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၂)၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ အကျယ်အဝန်းရှိ မြေကွက်မှာ ဦးအောင်မြင့် အမည်ဖြင့် မြေနေရာချထားပေးသော(စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိလက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်စိန်ချစ်(ဘ)ဦးပြုံးချို(၈/မမန(နိုင်)၁၀၃၀၁၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူနေထိုင်ရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့်မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်ယဉ်မေ(LL.B)၊ ဒေါ်ယဉ်ယဉ်ငွေ(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉–၄၀၀၄၆၉၁၈၈၊ ၀၉–၄၀၀၈၁၁၁၉၂**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထင်ဟပ်နေခြင်းဖြစ်သဖြင့် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ စာပေနှင့်ပတ်သက်သည့်အစဉ်အလာကောင်းများကို စာပေပညာရှင်များ၊ စာပေကိုတန်ဖိုးထားသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် မျိုးဆက်သစ်များက ဆက်လက်ပြီး လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားလို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း MYANSAT DTH ထုတ်လွှင့်ရေးလုပ်ငန်းဆောင်ရွက်မှု သွားရောက်ကြည့်ရှုအားပေး

## နိုင်ငံနှင့်ပြည်သူအတွက် အားကိုးအားထားဖြစ်စေမည့် မီဒီယာလုပ်ငန်းကြီးတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ အမှတ်(၁၈-A)၌ စာဆိုဗိမာန် သုံးထပ်အာရ်စီအဆောက်အအုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းဆောင်ခန်းမ၌ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စာဆိုဗိမာန်ကို တာဝန်ယူတည်ဆောက်နေသည့် Myanmar Land & Development Ltd Project Driector တို့က စာဆိုဗိမာန်အဆောက်အအုံ ၅၂ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အအုံကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရန်နှင့် အရည်အသွေးနှင့် ကြံ့ခိုင်မှုအပိုင်းကို အထူးဂရုပြုရန် လိုအပ်ကြောင်း၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့ကလည်း အထူးကြပ်မတ်စစ်ဆေးရန်လိုအပ်ကြောင်း၊ စာဆိုဗိမာန်တွင် စာပေ၊ ဂီတ၊ သဘင်နှင့် ပတ်သက်ပြီး ပြသနိုင်ရန် သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်ကြီးများ၏အကြံဉာဏ်ကို ရယူကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ပြတိုက်အတွင်း ပြသမည့်ပစ္စည်းများကိုလည်း အချိန်မီစုဆောင်းထားရန်လိုအပ်ကြောင်း၊ စာဆိုဗိမာန်ကို အိန္ဒိယနိုင်ငံအစိုးရ၏အထောက်အပံ့ဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ စာဆိုဗိမာန်အဆောက်အအုံကို ခံ့ညားထည်ဝါပြီး ခေတ်မီအဆောက်အအုံဖြစ်ရန် လိုအပ်ကြောင်း၊ စာဆိုဗိမာန်အဆောက်အအုံဝင်း အတွင်း/အပြင်သာယာလှပစေရန် သစ်ပင်၊ ပန်းမာန်အလှပင်များ စနစ်တကျစိုက်ပျိုးထားရှိရေး၊ အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အသုံးပြုဆောင်ရွက်ရေး၊ နိုင်ငံတော်အဆင့်အဆောက်အအုံဖြစ်သည့်အပြင် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်အဆောက်အအုံဖြစ်သည့်အတွက် စာဆိုဗိမာန်ကို စနစ်တကျဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာဆိုဗိမာန် သုံးထပ်အာရ်စီအဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရုံးဝင်းအတွင်းရှိ သီးခြားအဆောက်အအုံ၌ BBTV ကုမ္ပဏီမှ ငှားရမ်း၍ MYANSAT DTH ထုတ်လွှင့်ရေးလုပ်ငန်းဆောင်ရွက်မှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ BBTV ကုမ္ပဏီမှ Vice Chairman ဦးသန့်ဇင်က ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှစ၍ MYANSAT DTH ထုတ်လွှင့်မှုကို အခမ်းအနားဖြင့် ဖွင့်လှစ်၍ ပြည်တွင်းထုတ်လုပ်မှုရုပ်သံလိုင်း ၁၆ လိုင်းနှင့် ပြည်ပထုတ်လုပ်မှုရုပ်သံလိုင်း ၁၄၀ စုစုပေါင်း ရုပ်သံလိုင်း ၁၅၆ လိုင်းကို အခပေးစနစ်ဖြင့် ထုတ်လွှင့်နေကြောင်း၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီး သုံးမြို့တွင် ဖြန့်ချိရေးကိုယ်စားလှယ်များ ထားရှိဆောင်ရွက်နေကြောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြဋ္ဌာန်းထားရှိသည့် ရုပ်သံထုတ်လွှင့်မှုဥပဒေအပါအဝင် တည်ဆဲအခြားဥပဒေ၊ နည်းဥပဒေများနှင့် Update ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်မှုကို ဂရုပြုလိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပြည်ပဇာတ်လမ်းတွဲများ ပြသစဉ် မြန်မာစာတန်းပြေးဖြင့် ဖော်ပြပေးရန် လိုကြောင်း၊ နိုင်ငံနှင့်ပြည်သူအတွက် အားကိုးအားထားဖြစ်စေမည့် မီဒီယာလုပ်ငန်းကြီးတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် MYANSAT DTH ထုတ်လွှင့်ရေးလုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။

သတင်းစဉ်

## ဆာဟာရသဲကန္တာရထဲရှိ လျှို့ဝှက်ဆန်းကြယ်သော ရှေးဟောင်းခံတပ်မြို့ ဒီဂျာဒို

အာဖရိကတိုက် မြောက်ဘက်ခြမ်း၊ ဆာဟာရသဲကန္တာရအတွင်းရှိ နိုင်ဂျာနိုင်ငံ၊ အရှေ့မြောက်ပိုင်း၊ ဒီဂျာဒိုကုန်းပြင်မြင့်၏ တောင်ဘက်နယ်စပ်တွင် လျှို့ဝှက်ဆန်းကြယ်သော ရှေးဟောင်းခံတပ်မြို့တော် ဒီဂျာဒို တည်ရှိသည်။ တစ်ချိန်က ဤကုန်းပြင်မြင့်ပေါ်တွင် မြို့များစွာရှိခဲ့သော်လည်း ယနေ့ခေတ်တွင် ထိုဒေသ၌ လူများနေထိုင်ခြင်းမရှိတော့ပေ။ အဆိုပါ ဒေသတွင် စွန့်ပစ်ခံမြို့များ၊ ခံတပ်များနှင့် လှပသော ဂူထွင်းကျောက်လက်ရာများ၏ အပျက်အစီးများကို တွေ့နိုင်ပါသေးသည်။ ထိုကုန်းပြင်မြင့်သည် အာရ်တောင်တန်းများတွင် ထူးထူးခြားခြား ကျောက်နံရံပန်းချီနှင့် ရေးထွင်းမှုများကို ရှာဖွေတွေ့ရှိထားပြီး အနုပညာလက်ရာများ ကြွယ်ဝသော နေရာလည်းဖြစ်သည်။ ထိုဒေသတွင် ဘီစီ ၃၅၀၀ မှ ၂၅၀၀ ခုနှစ်အတွင်းက ကျောက်ထွင်းအနုပညာလက်ရာများကို တွေ့မြင်ရမည်ဖြစ်ပြီး အဆိုပါခေတ်က အသီးအရွက်ပုံများနှင့် တိရစ္ဆာန်များ၏ တည်ရှိပုံများကို သရုပ်ဖော်ရေးဆွဲထားသည်ကို တွေ့ရသည်။ ဝေးလံခေါင်သီသော နိုင်ဂျာနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ထိုဒေသတွင် အလွန်ရှေးကျသော ခံတပ်အဆောက်အအုံများကို တွေ့ရမည်ဖြစ်ပြီး လစ်ဗျားသို့သွားသည့် လမ်းကြောင်းတစ်လျှောက်တွင် တည်ရှိသော ခံတပ်နှင့် ကုန်သွယ်မှုအချက်အချာနေရာလည်း ဖြစ်သည်။

ယနေ့အချိန်တွင် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၅၀၀ တွင် လူတို့ မနေတော့ဘဲ စွန့်ပစ်ထားသော အိုအေစစ်ရွာလေးတစ်ရွာအဖြစ် တည်ရှိနေပြီး ၎င်းခံတပ်နေရာများကို ရွှံ့အုတ်နှင့် ကျောက်တုံးများဖြင့် တည်ဆောက်ထားသော်လည်း ဒီဂျာဒိုကို တည်ဆောက်ခဲ့သူများမှာ မည်သူဖြစ်သည်ကို မသိရသေးပေ။ အချို့သော သတင်းရင်းမြစ်များက ထိုမြို့သည် ကျွန်ဘဝရောက်ခဲ့သူများက တည်ဆောက်ခဲ့သည့် မြို့ဖြစ်နိုင်ကြောင်း ခန့်မှန်းကြသည်။

အခြားတစ်ဖက်တွင် ရှေးဟောင်းသုတေသနပညာရှင်များက ဒီဂျာဒိုသည် လွန်ခဲ့သော နှစ်ပေါင်း ၈၀၀ မှ ၁၀၀၀ ခန့်က တည်ဆောက်ခဲ့ကြပြီး ဆာဟာရသဲကန္တာရကို ဖြတ်သန်းသွားရသော အန္တရာယ်ရှိသည့် လမ်းကြောင်းပေါ်မှ အိုအေစစ်တစ်ခုနှင့် အရေးကြီးသော နားနေရန်နေရာတစ်ခုဖြစ်သည်ဟု ခန့်မှန်းကြသည်။ ဤဒေသ၏ သမိုင်းမတင်မီနှင့် သမိုင်းတင်ပြီးခေတ်အကြောင်းများကို ဖော်ထုတ်နိုင်ခြင်း မရှိသေးပေ။

စာမျက်နှာ ၅ သို့ ●

